# SWAN: ဆယ်နှစ်တာ ခရီး

၂၀၀၉ ခုနှစ် မတ်လ

# SWAN: ဆယ်နှစ်တာ ခရီး

၂၀၀၉ ခုနှစ် မတ်လ

မာတိကာ စာမျက်နှာ

## SWAN ၏ စကားလက်ဆောင်

### အဆင့် တစ် ၁၉၉၉ – ၂၀၀၁


- အစ ပြုခြင်း။ "ဦးခေါင်းမရှိ၊ အမြီးမရှိသော" အုပ်စုတစု ၁
- လေ့လာသင်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း နှင့် အဖွဲ့အစည်း ဖြစ်ထွန်းလာခြင်း။ ၇
- လုပ်ငန်းဆောင်ရွက်ရေး မဟာမိတ်များ တည်ဆောက်ခြင်း ၈


### အဆင့် နှစ် ၂၀၀၁ – ၂၀၀၄


- မြန်မာနိုင်ငံအတွင်း အစီအစဉ်ချ မုဒိမ်းကျင့်ခြင်းများကို မှတ်တမ်းတင်ခြင်း ၁၂
- စစ်အစိုးရ၏ ပစ်မှတ်များ ဖြစ်ခြင်း ၁၅
- လူသိများလာခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်း ၁၆
- နိုင်ငံရေးအရ အားပေးထောက်ခံမှု ၁၇
- လုံခြုံရေးဆိုင်ရာ စိန်ခေါ်ချက်များ ၁၉
- မုဒိမ်းအကျင့်ခံခဲ့ရသူများ၏ ဆန္ဒ အကျိုးစီးပွားကို ဦးစားပေးခြင်း ၂၀
- စုရုံးမှု၊ စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်သည့် စွမ်းရည်များတိုးမြှင့်လာခြင်း ၂၁


### အဆင့် သုံး ၂၀၀၅ – ယနေ့ အထိ


- လူထု အကျိုးပြုလုပ်ငန်းစဉ်များ တိုးချဲ့ ဆောင်ရွက်ခြင်း ၂၇
- ဒုက္ခသည်နှင့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း ၂၈
- ကူညီထောက်ပံ့ပေးရေးမူဝါဒများအပေါ် စည်းရုံးလှုံ့ဆောင်ခြင်း ၂၉
- ရေရှည်ခံ ဖွံ့ဖြိုးတိုးတက်မှုအတွက် စည်းရုံးလှုံ့ဆောင်ခြင်း ၃၃
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံ၏ အမျိုးသမီးရေးလှုပ်ရှားမှု အပေါ်ထားရှိသည့် သံဓိဌာန် ၄၁


## နောက်ဆက်တွဲ ဖော်ပြချက်များ


နောက်ဆက်တွဲ ၁ ဝန်ကြီးချုပ်ချွန်လိပိုင်သို့ပေးပို့သော အိတ်ဖွင့်ပေးစာ

နောက်ဆက်တွဲ ၂ နေရှင်းသတင်းစာ၊ အယ်ဒီတာ့ထံပေးစာကဏ္ဍတွင်ပါရှိသော မြန်မာသံရုံးထံမှ စာ

နောက်ဆက်တွဲ ၃ ၂၀၀၈ ခုနှစ်အတွင်း *SWAN* အား ထောက်ပံ့ပေးနေသော အဓိက အလှူရှင်များ၏ စာရင်း

## SWAN ၏ စကားလက်ဆောင်

ယခု စာအုပ်ငယ်မှာ SWAN အသင်း၏ လွန်ခဲ့သော ဆယ်နှစ်အတွင်း ဖြတ်သန်းမှုအတွေ့အကြုံများအပေါ် ပြန်ပြောင်း အမှတ်ရသည့် စိတ်ထင်ဟပ်မှုများဖြစ်ပါသည်။ မိမိတို့၏ ရည်ရွယ်ချက်မှာ ဤဆယ်နှစ်တာခရီးရှည်အတွင်း အောင်မြင်မှုများ၊ စိန်ခေါ်ချက်များကို တစိတ်တပိုင်းအရ ပြန်လည်သုံးသပ်ခြင်းနှင့် မိမိတို့ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာနောက်ခံ အခြေအနေများ အောက်တွင် အမျိုးသမီးရေးကို အခြေခံ၊ ဦးတည်သောလုပ်ရှားမှုတရပ် ဖော်ဆောင်ရာတွင် တွေ့ကြုံနေရသည့် ခက်ခဲ နက်နဲပုံ များကို ထိုးထွင်းမြင်သာအောင် တင်ပြခြင်းများ တစိတ်တပိုင်း ပါဝင်ပါသည်။

ရင်နင့်နာကျင်ဖွယ် အမှတ်ရစရာ များစွာလည်း ရှိနေသည်။ ၁၉၉၆ ခုနှစ် မှ ၁၉၉၈ ခုနှစ်ကာလအတွင်း မြန်မာစစ်အစိုးရ၏ အတင်းအဓမ္မပြောင်းရွှေ့စေခြင်းများကြောင့် ရှမ်းပြည်အလယ်ပိုင်းရှိ ကျေးရွာသူ၊ ကျေးရွာသား ထောင်သောင်းများစွာ မြေလှန် အမြစ်ဖြုတ် ခံခဲ့ရသည်။ ထို့အပြင် စစ်အစိုးရမှ မိမိတို့ ရှမ်းလူမှုအသိုင်းအဝိုင်းများကို ညှင်းပမ်းနှိပ်စက်ရန်နှင့် ကြောက်ရွံ့သွားစေရန် အစုလိုက် အပြုံလိုက်သတ်ဖြတ်ခြင်းနှင့် အစီအစဉ်ချ မုဒိမ်းကျင့်ခြင်းများ ကျူးလွန်ခဲ့ခြင်း၊ ထိုင်းနိုင်ငံအတွင်း ရှမ်းဒုက္ခသည်များ၏ လုပ်အား ခေါင်းပုံအဖြတ်ခံနေရခြင်း စသည့် အကြောင်းတရားများကဲ့သို့သော တုန်လှုပ်နာကျည်းဖွယ်ရာ အခြေအနေများ အကြား မိမိတို့၏ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်း SWAN ကို မွေးဖွားခဲ့ခြင်း ဖြစ်သည်။

ဆယ်နှစ်တာ ရှိသည့်တိုင်၊ ရှမ်းပြည်နယ်နှင့် မြန်မာပြည်အတွင်း ကျန်ဒေသများ၏အခြေအနေသည် ယခင်ကဲ့သို့ပင် ဆိုးဝါးနေဆဲ ဖြစ်သည်။ သို့ပါသော်လည်း မိမိတို့အနေဖြင့် အမျိုးသမီးများတက်ကြွလှုပ်ရှားမှုအတွက် နေရာတခု ဖော်ဆောင်ပေးထားနိုင်ခြင်း၊ မိမိတို့လူမှုအသိုင်းအဝိုင်းအတွင်းနှင့် ထိုထက်မက ကျယ်ဝန်းသော လူ့အဖွဲ့အစည်းအကြား ကျား၊ မ တန်းတူရေး လှုပ်ရှားမှု အတွက် အထောက်အကူပြုပေးနိုင်ခဲ့သည့်ကာလ ဟုလည်း ခံစားမိပါသည်။

မိမိတို့၏ ဆောင်ရွက်လှုပ်ရှားမှုများအားလုံးကို အမျိုးသမီးရေးဝါဒ အခြေခံမူများ စွဲကိုင်ထား၍ တန်းတူညီမျှရေး၊ လူ့အခွင့်အရေး နှင့် လူမှုရေးရာတရားမျှတမှုရှိရေးများအတွက် လုပ်ဆောင်မည်ဟု သံမိဌာန်ထားရှိပါသည်။ စိန်ခေါ်ချက်များစွာ ရှိသော်ငြားလည်း မိမိတို့ ဖြတ်သန်းလာခဲ့ရသော လှုပ်ရှားမှုအတွေ့အကြုံများက ဤအခြေခံမူများအတိုင်း လုပ်ဆောင်နေသည့် မိမိတို့၏ ယုံကြည်ချက်ကို ထပ်လောင်းအားဖြည့်ပေးနေသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မိမိတို့နှင့် လက်တွဲမဖြုတ်စတမ်း ကြံ့ကြံ့ခံရပ်တည်ပေးခဲ့သော မိတ်ဆွေများနှင့် အားပေး ထောက်ခံသူ အားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါသည်။ ဤအားပေးထောက်ခံမှုများက မတရားမှု မှန်သမျှကို စိန်ခေါ် တွန်းလှန်မည်၊ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြောင်းလဲမှုများ အမှန်တကယ် ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင် မည် ဆိုသည့် မိမိတို့၏ သံမိဌာန်ကို ပို၍မြဲမြံစေပါသည်။

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်း **(SWAN)**

အဆင့် တစ်　　　၁၉၉၉ – ၂၀၀၁



# အခန်း ပြခြင်း။ "ဦးခေါင်းမရှိ၊ အမြီးမရှိသော" အုပ်စု တစု

၁၉၉၉ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အသက်အရွယ်မတူ၊ ဘဝဖြတ်သန်းမှုမတူညီသော ရှမ်းတိုင်းရင်းသူ အမျိုးသမီးတစုသည် အစည်းအဝေးတခု ပြုလုပ်ရန် အတွက် လာရောက်စုဆုံခဲ့ကြသည်။ မိမိတို့၏ ရည်မှန်းချက်မှာ ရှမ်းတိုင်းရင်းသူ အမျိုးသမီးအဖွဲ့တခု တည်ထောင်ရန် ဖြစ်သည်။

မိမိတို့အနက် အများစုသည် ရှမ်းတိုင်းရင်းသူအသိုင်းအဝိုင်းအတွင်း လိုအပ်ချက်များ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးများအတွက် လိုအပ်ချက်များကို ဖြေရှင်းပေးရန်အတွက် မတူကွဲပြားသော လုပ်ငန်းများဆောင်ရွက်နေသည့် လုပ်ငန်းကွန်ယက်ပေါင်းအသီးသီးတွင် ပါဝင်လုပ်ဆောင်နေကြသူများ ဖြစ်ကြသည်။ ၁၉၉၆ခုနှစ် မြန်မာစစ်အစိုးရက ရှမ်းပြည်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် အစုလိုက်အပြုံလိုက် အတင်းအဓမ္မပြောင်းရွှေ့မှုများ စတင်ခဲ့သည်အချိန်မှစ၍ ရှမ်းဒုက္ခသည် တသိန်းကျော် ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးဝင်ရောက်လာခဲ့သည်။ ဒုက္ခသည်စခန်းများအတွင်းသို့ ဝင်ရောက်ခွင့်မရရှိသောကြောင့် ရှမ်းဒုက္ခသည်များသည် အလွန်ပင်ပန်းခက်ခဲစွာ အသက်ရှင်ရပ်တည်ခဲ့ကြရသည်။ အဓိကအားဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဆောက်လုပ်ရေးစခန်းများ သို့မဟုတ် ခြံစိုက်ခင်းများတွင် လုပ်ခအနည်းအကျဉ်းသာရသော ရွှေ့ပြောင်းအလုပ်သမားများအဖြစ်သာ အဆုံးသတ်ခဲ့ရသည်။

> *မြန်မာနိုင်ငံအတွင်း လူမှုရေးနှင့် နိုင်ငံရေးအပြောင်းအလဲများအတွက် မိမိတို့တွင် ဘုံရည်မှန်းချက်ရှိကြသည်ကို နားလည် သဘောပေါက်လာခဲ့ကာ မိမိတို့၏ ပြည်သူများငြိမ်းချမ်းစွာ အသက်ရှင်နေထိုင်နေရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့် ရှိစေရေး အတွက် မိမိတို့၏ လုပ်ငန်းကွန်ယက်များကို ပိုမိုပြင်ပြင်စုစည်းကာ SWAN အသင်းကို တည်ထောင်ခဲ့သည်။*

အစည်းအဝေးတက်လာသော အမျိုးသမီးအချို့မှာ ရှမ်းရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များအတွက် အရေးပေါ်အထောက်အပံ့များ၊ ကျန်းမာရေး၊ ပညာပေးလုပ်ငန်းများ အထူးသဖြင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ပညာပေးလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ဖူးသူများဖြစ်၍ အချို့သည် ရှမ်းပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်၍ လူသိရှင်ကြားထုတ်ဖော် ဖြန့်ဝေပေးသော ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း (SHRF)၊ ရွှေ့ပြောင်းနေထိုင်သူများအား အကူအညီပေးရေးအစီအစဉ်(MAP)နှင့် မြန်မာ့ကယ်ဆယ်ရေးအဖွဲ့ (BRC) ကဲ့သို့သော အဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်နေကြသည့်သူများ ဖြစ်သည်။ အချို့အမျိုးသမီးများက ထိုင်း–ရှမ်းနယ်စပ်တလျှောက် ရှမ်းစာပေသင်တန်းများနှင့် ရှမ်းယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများ လုပ်ဆောင်နေခဲ့ကြသူများ၊ ရှမ်းစာပေသင်ရိုးညွှန်းတမ်းနှင့် ပိုစတာများ ထုတ်လုပ်ကြသူများ ဖြစ်ကြသည်။ အချို့မှာ ရှမ်းပြည်နယ်အမျိုးသမီးအစည်းအရုံး (WASS)တွင် ပါဝင်ခဲ့ဘူးသူများလည်း ဖြစ်ကြသည်။ ထိုအစည်းအရုံးသည် ရှမ်းလွတ်မြောက်နယ်မြေတွင် SWAN အသင်းထက် ခြောက်နှစ်စော၍ ဖွဲ့ခဲ့သော အဖွဲ့အစည်းတခုဖြစ်သည်။ သို့သော် ထိုအဖွဲ့သည် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိခဲ့သောကြောင့် ရှမ်း မွန်းတိုင်းတပ်မတော် (Mong Tai Army) ၁၉၉၆ ခုနှစ် အစောပိုင်း လက်နက်ချသွားသည့်အခါတွင် ပျက်ပြယ်သွားခဲ့သည်။

ပီပြင်သော အဖွဲ့အစည်းတခုအဖြစ် တည်ထောင်လိုက်ခြင်းအားဖြင့် မိမိတို့သည် အိုးအိမ်မဲ့ရှမ်းအမျိုးသမီးများ၏ လက်တွေ့လိုအပ်ချက်များကို အကူအညီ ပေးရာတွင် ပို၍ထိရောက်စွာ ဆောင်ရွက်နိုင်သည်သာမက ၎င်းတို့၏ မဟာဗျူဟာကျ လိုအပ်ချက်များကိုလည်း ဖြေရှင်းပေးနိုင်မည်ဟု မိမိတို့က ခံစားမိခဲ့သည်။ မိမိတို့သည် အခြားသော မြန်မာနိုင်ငံအမျိုးသမီး အဖွဲ့အစည်းများနှင့် ကွန်ယက်ဆက်သွယ်လုပ်ဆောင်နိုင်သည့်အပြင် ဒေသအဆင့်၊

## မိမိတို့၏ သင်္ကေတ

**SWAN** ၏ အမှတ်တံဆိပ်သည် ဗုဒ္ဓဘာသာ ငှက်တပိုင်း အမျိုးသမီးတပိုင်းဖြစ်သော သိုင်းက ကနေဟန် ပုံပန်းသဏ္ဍာန်ရှိသော ကိန္နရီ အရုပ်ပုံ ဖြစ်သည်။ ထိုအမှတ်တံဆိပ်သည် မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းနှင့် မိမိတို့ကိုယ် မိမိတို့ လူသားများအဖြစ် အကာအကွယ်ပေးခြင်းဟူသော သဘောကို ကိုယ်စားပြုသည်။ ငှက်ကဲ့သို့ ဝတ်ဆင်ထားသော ကချေသည်များ၏ ကိန္နရီအက သို့မဟုတ် ငှက်အက တင်ဆက်မှုသည် ရှမ်းလူမျိုး၏ သီးသန့်ကိုယ်ပိုင်ဟန်ဖြစ်ကာ ရှမ်းရိုးရာယဉ်ကျေးမှုတင်ဆက်မှုများ သို့မဟုတ် အထိမ်းအမှတ်ပွဲကြီး များတွင် အမြဲတမ်း ပထမဦးဆုံး တင်ဆက်ပြသကြသည်။

ငှက်အကသည် ရှေးပဝေသဏီ ဗုဒ္ဓဘာသာရိုးရာပုံပြင်များတွင် မြစ်ဖျားခံသည်။ ဗုဒ္ဓကိုယ်တော်မြတ်သည် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်လာချိန်တွင် နတ်များ၊ ဗုဒ္ဓဘာသာသတ္တဝါများ၊ လူသားများနှင့် အခြားသက်ရှိသတ္တဝါအားလုံးက လက်အုပ်ချီကြိုဆိုခဲ့သည်။ ထိုကြိုဆိုသူများအနက် ကိန္နရီသည် သူမ၏အပေါ်ဖြစ်သော ကိန္နရာဖြင့် ဗုဒ္ဓဘုရားရှင် ရှေ့မှောက်ကပြ အသုံးတော်ခံခဲ့သည်။ သူတို့၏ ကပြတင်ဆက်မှုသည် ဗုဒ္ဓဘုရားရှင်အား ကြိုဆိုအသုံးတော်ခံသည့် တင်ဆက်မှုများအနက် အများသဘောအကျဆုံး ဖြစ်ခဲ့သည်။ ထိုအကကို မျက်မြင်ကိုယ်တွေ့တွေ့ခဲ့ရသော လူသားများက ထိုအကကို သင်ယူရန် ဆုံးဖြတ်လိုက်ကာ ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ပြုလုပ်လိုက်သည်။ လူသားများသည် တကယ့် ကိန္နရီ၊ ကိန္နရာအစား ငှက်များကဲ့သို့ ဝတ်ဆင်ကပြကြသည်။

မိမိတို့ ရှမ်းဗုဒ္ဓဘာသာပုံပြင်များအရ ကိန္နရီသည် ဟိမဝန္တာတောင်ခြေရှိ တောနက်ထဲတွင် နေထိုင်ကြသည်ဟု ဆိုသည်။ ရွှေရောင်အဆင်းရှိသော ကိန္နရီသည် တင့်တယ်လှပခြင်းသာမက နွေးထွေးသောအသည်းနှလုံးပိုင်ရှင်နှင့် အခြားသက်ရှိများအပေါ်တွင်လည်း သစ္စာရှိသူဖြစ်သည်။ သူမသည် ငြိမ်းချမ်းသောသူတဦးဖြစ်ကာ ပန်းများပေါ်ရှိ ပန်းဝတ်မှုံကိုသာ စားသုံးသည်။

မိမိတို့အဖွဲ့အစည်းအတွက် ဤထက်ကောင်းသော သင်္ကေတ ရှိတော့မည်မဟုတ်ပေ။

နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင်အမျိုးသမီးများနှင့် တွဲဖက်လုပ်ကိုင်ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ကွန်ယက်ဖွဲ့လုပ်ဆောင်နိုင်ပေလိမ့်မည်ဟုလည်း ယုံကြည်ခဲ့ကြသည်။

ဆွေးနွေးချက်များမှတဆင့် အဖွဲ့အစည်း၏အမည်၊ အဖွဲ့အစည်း၏ရည်မှန်းချက်များနှင့် မိမိတို့၏ သင်္ကေတအဖြစ် "သိုင်းက" ကနေသော ကိန္နရီရုပ်ပုံကို အားလုံးက သဘောတူ သတ်မှတ်ခဲ့သည်။

## မိမိတို့၏ အခြေခံမူများ

- အမျိုးသမီးရေး အခြေခံဖြင့် လှုပ်ရှားခြင်း
- တန်းတူရည်တူရှိခြင်း
- အခြေခံလူ့အခွင့်အရေးများ
- လူမှုရေးရာ တရားမျှတမှု

အစည်းအဝေးအပြီးတွင် မိမိတို့သည် ပညာရေး၊ ကျန်းမာရေး၊ ရံပုံငွေရှာဖွေရေးနှင့် ကွန်ယက်တည်ဆောက်ရေးအစရှိသည့် လုပ်ငန်းကဏ္ဍအသီးသီးဖြင့် လှုပ်ရှားဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ မိမိတို့သည် ပြင်ပမှ တသီးပုဂ္ဂလိကအရ သော်လည်းကောင်း၊ အဖွဲ့အစည်းများအရ သော်လည်းကောင်း၊ နိုင်ငံရေးအုပ်စုများအရ သော်လည်းကောင်း မည်သည့်လွှမ်းမိုးခြင်းမျိုးမျှ မရှိစေရပဲ လွတ်လပ်စွာ လုပ်ကိုင်မည်ဟူ၍လည်း မိမိတို့အားလုံးက သဘောတူခဲ့သည်။ ထို့အပြင် အားလုံးတန်းတူရည်တူရှိသော အစုအဖွဲ့သဏ္ဍာန်ဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်သင့်သည်ဟုလည်း သဘောတူခဲ့သည်။ အမျိုးသမီးများနှင့် လူ့အဝန်းအဝိုင်း၏ လုံခြုံဘေးကင်းမှုနှင့် အကောင်းဆုံးအကျိုးစီးပွားကို ဦးစားပေး၍ လူထုအရေးကို ရှေးရှုကာ လုပ်ဆောင်သင့်သည်ဟု မိမိတို့ဆုံးဖြတ်ခဲ့သည်။ အဆင့်အားလုံးတွင် တာဝန်ခံမှုရှိရမည်ကိုလည်း သဘောတူခဲ့ကြသည်။

အစုအဖွဲ့ပုံစံဖြင့် အလုပ်လုပ်ကိုင်မည်ဟူသည့် မိမိတို့၏မူအတိုင်း အဖွဲ့အစည်းအား အလျားလိုက်ပုံစံစနစ်ဖြင့်သွားရန် မိမိတို့ သဘောတူခဲ့သည်။ အများနှင့်မတူ တမူထူးခြားခဲ့သည်။ တကယ်တမ်းတွင် မိမိတို့အသင်း ဖွဲ့စည်းပြီးသည်နှင့်တပြိုင်နက် ဥက္ကဋ္ဌ မည်သူနည်းနှင့်မည်သူများက ဦးဆောင်တာဝန်ယူထားသနည်းဟု အမေးခံခဲ့ရသည်။ **SWAN** အသင်းတွင် ထိုကဲ့သို့သော အဆင့်ဆင့် အုပ်ချုပ်မှုပုံစံမရှိသည်ကို လူအများသိသွားကြချိန်တွင် အချို့က “အမြီးမရှိ၊ ခေါင်းမရှိ ဘယ်လိုအဖွဲ့အစည်းမျိုးလဲ၊ ဘယ်လိုလုပ်ပြီး တည့်တည့်မတ်မတ်သွားနိုင်မလဲ” ဟူ၍ မှတ်ချက်ချခဲ့သည်။

ရှမ်းအသိုင်းအဝိုင်းများတွင်ပင် မည်သည့်အတွက်ကြောင့် အမျိုးသမီးများသာပါသည့် သီးသန့်အဖွဲ့ ဖွဲ့စည်းရသနည်းဟူသော မေးခွန်းမျိုးရှိခဲ့သည်။ မိမိအသိုင်းအဝန်း၏ အရိုးစွဲလာသော ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာ တန်ဖိုးထားမှုများအရ အမျိုးသားနှင့်အမျိုးသမီးနှစ်ဦးစလုံးသည် ရပ်ရွာဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများကို အတူတကွတွဲဖက်ကာ အမြဲတစေ လုပ်ဆောင်ခဲ့ကြသည်။ **SWAN** အသင်း ဖွဲ့စည်းမှုသည် အမျိုးသားများနှင့် ထိပ်တိုက်ရင်ဆိုင်မှုလုပ်သည်ဟု အခြားအမျိုးသမီးအဖွဲ့များ ဖွဲ့စည်းချိန်တွင် ၎င်းတို့၏ အဖွဲ့ဝင်များက အရက်သောက်သော ၊ ဆေးလိပ်သောက်သော ယောကျ်ားသားများအား တန်းတူစိန်ခေါ်မှုများ စလုပ်ခဲ့ကြသည်ကို သိကြသောသူအချို့က စိုးရိမ်ခဲ့ကြသည်။ ရှမ်းပြည်နယ်ရှိ လူများအားလုံး ဒုက္ခတွေ့နေချိန်တွင် မိမိတို့က “အမျိုးသမီးများအတွက်သာ” အလုပ်လုပ်ကိုင်ပေးလိုသည် ဟူသော ပုံသဏ္ဍာန်အပေါ် အချို့က စိတ်မကောင်း ဖြစ်ခဲ့ကြသည်။

## ၁၉၉၉ ခုနှစ် မတ်လ ၂၈ ရက်နေ့ *SWAN* အသင်း ဖွဲ့စည်းတည်ထောင်သည့်နေ့အား ပြန်လည် အမှတ်ရခြင်း

### *ဆိုင်မွန်း၊ SWANအသင်း၏ ညှိနှိုင်းဆက်သွယ်ရေးတာဝန်ခံ*

ကျမ သူငယ်ချင်း "ယိင်း" က အစည်းအဝေးအကြောင်း ကျမကို ပြောပြခဲ့တာပါ၊ "ငါတို့ ရှမ်းအမျိုးသမီးအဖွဲ့တဖွဲ့ ဖွဲ့ဖို့ ကြိုးစားနေကြတယ်။" လို့ ယိင်းက ပြောပြတဲ့အပြင် ကျမကို အဲဒီအစည်းအဝေးကို ခေါ်သွားခဲ့ တာပါ။

ရောက်သွားတော့ ကျမ အမျိုးသမီး အယောက် ၄၀ – ၅၀ ခန့် ရှိတဲ့ အမျိုးသမီးအုပ်ကြီးကို တွေ့ခဲ့ရတယ်။ "အလိုလေး – အမျိုးသမီးတွေ အများကြီးပါလား။ ဒီလောက်များတဲ့ အမျိုးသမီးအစည်းအဝေးကို အရင်က တခါမှ မတွေ့ဖူးဘူး။"လို့ ကျမစိတ်ထဲ ခံစားမိခဲ့တယ်။ ကျမ သူတို့အတွက် အရမ်းကို ဂုဏ်ယူခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့တတွေ အရမ်းကို တက်ကြွပြီး၊ စကားတွေ အများကြီး ပြောနိုင်လို့ပါ။

ကျမကိုယ်ကျမ မိတ်ဆက်တယ်ဆိုရုံ မိတ်ဆက်ခဲ့ပါတယ်။ စကားအများကြီး လုံးဝမပြောခဲ့ဘူး။ အမျိုးသမီးတွေ ဆွေးနွေးနေကြတဲ့အကြောင်းကို ကျမ နားလည်အောင်ပဲ ကြိုးစားခဲ့ပါတယ်။ ရှမ်းဘာသာနှင့် သူတို့ဆွေးနွေးနေကြတာတောင် သူတို့ပြောနေတာတွေကို လိုက်မှီအောင် ကျမအရမ်းကို ကြိုးစားခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျမအရင်တခါမှ မကြားဖူးတဲ့ ရှမ်းဝေါဟာရအသစ်တွေ၊ နိုင်ငံရေးစကားလုံးတွေ အများကြီးပါလို့ပါ။

ကျမအဖို့ အစည်းအဝေးဆိုတာ ကျမတို့ရွာမှာ ဒါမှမဟုတ် မြို့မှာလုပ်တဲ့ အစည်းအဝေးလောက်ပဲ သိခဲ့တာပါ။ အဲဒီအစည်းအဝေးဆိုတာက မြန်မာ စစ်တပ်ကပေးတဲ့ စစ်တပ်အတွက်အလုပ်လုပ်ပေးရမဲ့ အမိန့်စာအကြောင်းကို ပြောကြတာပါ။ အမျိုးသမီးတွေက အစည်းအဝေးအပြင်ကနေပြီး နားထောင်ရုံ သက်သက်ပါ။ ကျမတို့ရွာမှာဆို အမျိုးသမီးတွေက ဘာသာရေးအခမ်းအနားအကြောင်း ဒါမှမဟုတ် ဘာသာရေးပွဲ၊ ချက်ပြုတ်ရေး၊ သန့်ရှင်းရေး အစရှိတဲ့အကြောင်းအရာတွေကိုပဲ ဆွေးနွေးလို့ရပါတယ်။ အဲဒါကြောင့် အခုလိုမျိုးအစည်းအဝေးဆိုတာ ကျမအတွက်တော့ အထူးအဆန်း ဖြစ်ခဲ့ပါတယ်။

ကျမဘာဆွေးနွေးရမယ်ဆိုတာလဲ မသိဘူး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုဆိုတာ အသာ ဘေးချိတ်ထားလိုက်အုံး။ ဒါပေမယ့် ကျမ အဲဒီအစည်းအဝေးကို အရမ်းသဘောကျခဲ့ပါတယ်။ အစည်းအဝေးတက်သူအားလုံးကို ကိုယ် သိတာတွေဝေငှဖို့ အခွင့်အရေးပေးဖိတ်ခေါ်တယ်။ ဆိုလိုတာက လူငယ်တွေကို သူတို့အသိအမှတ်ပြုတယ် ဆိုတာပါ။ အစည်းအဝေးတက်လာတဲ့ အမျိုးသမီးတွေက အသက်မတူ၊ ဘဝနောက်ခံမတူ၊ အလုပ်တွေလဲ မတူကြဘူး။ အစည်းအဝေးပြီးတဲ့နောက်မှာ သူတို့တတွေကြားမှာ ဘယ်သူကဘာလုပ်ရမည်ဆိုတာကို တာဝန်ခွဲဝေ ခဲ့ကြတယ်။ ဒါကြောင့် ဒီအဖွဲ့မှာ ကျမ ဘာလုပ်နိုင်မလဲဆိုတာကို စောင့်ကြည့်လိုက်အုံးမယ်လို့ ကျမစဉ်းစားခဲ့တယ်။

ပြီးတော့ ဒီလိုအစည်းအဝေးတက်ခွင့်ရတဲ့အတွက်လည်း ကျမဂုဏ်ယူမိခဲ့ပါတယ်။ အမျိုးသမီးများအတွက် အလုပ်လုပ်ပေးမည့် အမျိုးသမီးများရဲ့ အစည်းအဝေးပါ။ ကျမဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒီအဖွဲ့ကို ကူညီနိုင်ဖို့ ကျမကြိုးစားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ နောက်လိုက်ကောင်းတယောက်ဖြစ်အောင် ကျမအတတ်နိုင်ဆုံး ကြိုးစားမယ်လို့ ကျမကိုယ်ကျမ ပြောခဲ့မိတယ်။ ကျမက လူရှေ့သူရှေ့မှာ စကားမပြောချင်ဘူး၊ နှုတ်လေးတယ် ဒီတော့ ကျမခေါင်းဆောင်မဖြစ်ချင်ဘူး။ တဆက်တည်းမှာပဲ ကျမကိုယ်ကျမသိလိုက်တာက ဒီအဖွဲ့အစည်းထဲမှာ တကယ်တမ်း အလုပ်လုပ်ချင်တယ်ဆိုရင်၊ ကူညီချင်တယ်ဆိုရင် ကျမကိုယ်ကျမ ပထမဦးဆုံး ပြင်ရမယ်။ အထူးသဖြင့် စကားပြောလာအောင် ပိုပြီးလေ့ကျင့်ရမှာရယ်၊ တကိုယ်တည်းနေတတ်တဲ့ အကျင့်ကိုပါ ပြင်ရမှာဖြစ်ပါတယ်။ အကြောင်းအရာများစွာကို ကျမလေ့လာဖို့လိုအပ်သလို၊ ကျွမ်းကျင်မှုအတတ်ပညာများစွာကိုလည်း ကျမလေ့လာဖို့ လိုအပ်တယ်ဆိုတာကိုလည်း ကျမသဘောပေါက်ခဲ့တယ်။ အထူးသဖြင့်တော့ ကျမကိုယ်ကျမ ယုံကြည်မှုရှိလာအောင် တည်ဆောက်ယူဖို့ပါပဲ။




## ရှမ်းပြည်နယ် အမျိုးသမီးအစည်းအရုံး (**WASS**)

WASS အား ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ထိုင်းနယ်စပ်နှင့် ထိစပ်နေသော ရှမ်းတော်လှန်ရေး အင်အားစုများအခြေပြုသော လွတ်မြောက်နယ်မြေတွင်နေထိုင်သော အမျိုးသမီးများက တည်ထောင်ခဲ့သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ ရှမ်းယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ ရှမ်းလွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ရန်၊ အမျိုးသမီးအခွင့်အရေးအတွက် အခြားနိုင်ငံရှိ အမျိုးသမီးများနှင့် လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်တို့ဖြစ်သည်။ ရပ်ရွာအတွင်းရှိ အမျိုးသမီးများအတွက် လစဉ်အစည်းအဝေးများကျင်းပခြင်းအပါအဝင် လစဉ်သတင်းစာစောင်ထုတ်ဝေခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဂေဟာဖွင့်လှစ်ခြင်း၊ ရံပုံငွေရှာဖွေခြင်းနှင့် ယက္ကန်းလုပ်ငန်းများ တည်ထောင်ခြင်း စသည်တို့လုပ်ဆောင်ခဲ့သည်။ သို့သော် MTA လက်နက်ချသွားသော ၁၉၉၅ခုနှစ် အကုန်ပိုင်းတွင် ထိုအဖွဲ့လည်း ချုပ်ငြိမ်းသွားခဲ့သည်။

### *ချမ်တောင်း၊ SWAN စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ အဖွဲ့ဝင်*

ရှမ်းအမျိုးသမီးအဖွဲ့တခု ဖွဲ့မဲ့အစည်းအဝေးအကြောင်းကို ကျမသိလိုက်ရတဲ့အချိန်မှာ ကျမအရမ်းကို စိတ်လှုပ်ရှားခဲ့ပါတယ်။ ဘယ်လိုပုံစံမျိုး ဖြစ်လာမလဲဆိုတာတော့ ကျမလုံးဝ မသိခဲ့ပါဘူး။

၁၉၉၉ ခုနှစ် မတ်လ ၂၈ ရက်နေ့ မနက်ခင်းတွင် ရပ်ရွာခေါင်းဆောင်တဦးက ကျမနှင့်အတူ နယ်စပ်က ရောက်လာကြတဲ့ အခြားအမျိုးသမီးများကို အစည်းအဝေးလုပ်မဲ့နေရာကို လိုက်ပို့ပေးခဲ့ပါတယ်။ အစည်းအဝေးထဲမှာ ကျမကြီးပြင်းခဲ့တဲ့ နယ်စပ်ကအမျိုးသမီးကြီးတွေ၊ အမျိုးသမီးငယ်တွေ အများကြီးကိုတွေ့ခဲ့ပါတယ်။ နယ်စပ်က အိုးအိမ်မဲ့ကလေးငယ်များနှင့် လူငယ်များကို စာသင်ကြားပေးကြတဲ့ "မယ့်ဆရာများ" (အမေဆရာမများ) အားလုံးကိုလည်း ကျမတွေ့ခဲ့ရပါတယ်။ ရှမ်းပြည်နယ်နှင့် ရန်ကုန်ကနေ လောလောလတ်လတ် ရောက်လာတဲ့ အမျိုးသမီးနှစ်ဦးလည်း ပါတယ်။

ကျမကိုယ်ကျမ စကားအများကြီးပြောခဲ့လား မပြောခဲ့လားဆိုတာကို မမှတ်မိတော့ပါဘူး။ ဒါပေမယ့် အဖွဲ့အစည်းအမည်အတွက် သုံးမဲ့စကားလုံး မှန်မှန်ကန်ကန်ဖြစ်ရေးနဲ့ စကားလုံးရွေးချယ်ရာမှာ ရှမ်းဘာသာမှန်မမှန်ဆိုတာတွေ အချိန်တော်တော်ယူဆွေးနွေးခဲ့ရတယ်ဆိုတာကို ကျမလုံးဝ မှတ်မိနေပါတယ်။ ဥပမာ အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးလား ဒါမှမဟုတ် အမျိုးသမီးကူညီရေးဆိုတဲ့စကားလုံးကို သုံးရမလားစသဖြင့်ပါ။ ဆွေးနွေးပွဲက အရမ်းကိုကောင်းခဲ့ပြီး ကျမအတွက်လည်း ပိုပြီးနက်နက်နဲနဲ စဉ်းစားစရာ ဖြစ်ခဲ့ပါတယ်။ ကျမတို့ ရှမ်းအမျိုးသမီးထုအားနှင့် အတူတကွ အလုပ်လုပ်နိုင်တယ်လို့ ကျမခံစားမိခဲ့ပါတယ်။

ရှမ်းပြည်နယ် အမျိုးသမီးများအစည်းအရုံး (WASS) ဆိုတဲ့ ရှမ်းအမျိုးသမီးအဖွဲ့တဖွဲ့ ရှိခဲ့ဖူးတယ်ဆိုတာလည်း ကျမသိခဲ့ရပါတယ်။ ပထမဦးဆုံးအကြိမ် အဲဒီအဖွဲ့အစည်းရဲ့ လက်ကမ်းစာစောင်ကို တွေ့ခဲ့ရပါတယ်။

အစည်းအဝေးကို လာတက်ကြတဲ့ အမျိုးသမီးတွေမှာ ဘဝနောက်ခံမျိုးစုံ၊ အသက်အရွယ်စုံ၊ အလုပ်အကိုင်မျိုးစုံနှင့် ဘဝအတွေ့အကြုံ မျိုးစုံရှိကြပါတယ်။ မြန်မာစစ်အစိုးရအောက် အမျိုးသမီးများမည်ကဲ့သို့ ဒုက္ခရောက်ကြရပုံ၊ အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ရပ်ရွာအတွင်း အမျိုးသမီးများ ခွဲခြားဆက်ဆံခံရပုံနှင့် အကြမ်းဖက်တိုက်ခိုက် ခံရပုံများကို သူတို့ပြောခဲ့ကြတယ်။

အမျိုးသမီးအရေးလှုပ်ရှားမှု စကြီးထွားလာပြီလို့ ကျမခံစားလိုက်ရတယ်။ ကျမတို့ နယ်စပ်က လာတာဖြစ်ဖြစ်၊ ရှမ်းပြည်နယ်အတွင်းကလာတာဖြစ်ဖြစ်၊ အသက်အရွယ်ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ၊ ကျမတို့ ဘုံမျှော်မှန်းချက်နဲ့လာခဲ့ကြခြင်းဖြစ်ပါတယ်။ အဲဒါကတော့ အမျိုးသမီးများအပေါ်အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများ ရပ်တန့်ပစ်ရေးပဲ ဖြစ်ပါတယ်။

အစည်းအဝေးပြီးနောက်တရက် ၁၉၉၉ ခုနှစ် မတ်လ ၂၉ ရက်နေ့မှာပဲ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့မှာကျင်းပမဲ့ (၅၅) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးတက်ဖို့အတွက် ကျမလေဆိပ်ကနေ ထွက်ခွာလုဆဲဆဲမှာ SWAN အဖွဲ့ဝင်တဦးက အသစ်စက်စက် SWAN အဖွဲ့အကြောင်း လက်ကမ်းစာစောင် (၅၀) ကျမကို လာပေးသွားခဲ့ပါတယ်။ လက်ကမ်းစာစောင်တွေက လုံးဝအသစ်ချက်ချွတ်၊ မိတ္တူကူးစက်ရဲ့ အပူငွေ့ကိုတောင် ကျမရနေပါသေးတယ်။ ဒါတွေကို သယ်သွားရတဲ့အတွက် ကျမကိုယ်ကျမ ဂုဏ်ယူပါတယ်။ ဖိလစ်ပိုင်နိုင်ငံ IID (Initiatives for International Dialogue in the Philippines) မှာ အလုပ်လုပ်နေတဲ့ မာစီက "မနေ့ကမှ ဖွဲ့လိုက်တဲ့ အဖွဲ့ကို ကျမကိုယ်စားပြုလာတာလို့ မင်းအခုလူတွေကို ပြောလို့ရပြီ။" လို့ ကျမကို နောက်နေပါသေးတယ်။

SWAN အသင်းတည်ထောင်ပြီး ရက်အနည်းငယ်အကြာတွင် SWAN အသင်း ဖွဲ့စည်းခြင်းအကြောင်း လူအများသိစေရန် ကျော်ငြာရန်နှင့် SWAN အဖွဲ့ဝင်များကို ရှမ်းအသိုင်းအဝန်းနှင့် မိတ်ဆက်ပေးရန်၊ တချိန်တည်းတွင်ပင် ကျန်းမာရေး၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် စသဖြင့် အကြောင်းအရာ

များအပေါ် လူထုအတွင်းအသိပညာပေးရန်အတွက် ချင်းမိုင်မြို့တွင် ကျင်းပသော ပွိုင်းဆန်လောင်း (ရှမ်း ရှင်လောင်းပွဲ)၌ လူထုအသိပညာပေး လှုပ်ရှားမှုများ မိမိတို့ စဆောင်ရွက်ခဲ့သည်။

လေ့လာသင်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း နှင့် အဖွဲ့အစည်း ဖြစ်ထွန်းလာခြင်း။

SWAN အသင်းကို ပြင်ပက ငွေကြေးအကူအညီမပါပဲ တည်ထောင်ခဲ့သည်။ စတည်ထောင်သည့်အချိန်တွင် မိမိတို့ အဖွဲ့ဝင်အများစုသည် အခြားအဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသူများ ဖြစ်ကြသည်။ သီးသန့်ပရောဂျက်များတွင် သော်လည်းကောင်း ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သော်လည်းကောင်း လုပ်ကိုင်နေခဲ့ကြသည်။ ထို့ကြောင့် မိမိတို့သည် ရက်သတ္တပတ်အကုန် အားလပ်ရက်တိုင်းတွင် အဆင်ပြေသောနေရာ၌ ပုံမှန်တွေ့ဆုံကြခြင်း သို့မဟုတ် တယ်လီဖုန်းဖြင့် ဆက်သွယ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။အစည်းအဝေးများ အကြိမ်ကြိမ်လုပ်ပြီးနောက် SWANစင်တာ ဟုခေါ်သော နေရာလေး တခုကို မိမိတို့စတင်ငှားရမ်း ခဲ့သည်။ ထိုအချိန်က စိတ်လှုပ်ရှားဖွယ် အဆင့်တဆင့်ပင် ဖြစ်သည်။ SWAN စင်တာလည်ပတ်နိုင်ရေးနှင့် နယ်စပ်ရှိ SWAN လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် မိမိတို့အားလုံးသည် အရင်းအမြစ်များ ပူးပေါင်း (လူအား၊ ရုပ်ဝတ္ထုအား) စိုက်ထုတ်ခဲ့ကြသည်။

စင်တာတွင် ဝန်ထမ်းတဦးတည်းသာ ရှိခဲ့သည်။ သူမ၏ အဓိကတာဝန်မှာ ဆက်သွယ်ရေးဖြစ်သည်။ ဘဏ္ဍာရေးအရချို့တဲ့သော အချိန်ဖြစ်သောကြောင့် SWAN ၏စေတနာ့ဝန်ထမ်းများသည် အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားလူထုအခြေပြု အဖွဲ့အစည်းများ၏ အခမ်းအနားများအတွက် အစားအသောက်တာဝန်ယူပေးခြင်းဖြင့် ရံပုံငွေရှာဖွေခဲ့ကြသည်။ ထိုလုပ်ငန်းမှ ရရှိသောဝင်ငွေများဖြင့် SWAN ၏ ပထမဦးဆုံးအင်္ဂလိပ်ဘာသာ သတင်းစာစောင်ကိုထုတ်ဝေနိုင်ခဲ့ပြီး SWAN ဝန်ထမ်း၏ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်တစီးကိုလည်း ဝယ်ယူနိုင်ခဲ့သည်။

ကနဦးကာလတွင် မိမိတို့လုပ်ကိုင်နိုင်စွမ်း အကန့်အသတ်ဖြစ်မှုနှင့် ထိုင်းနိုင်ငံတွင် တရားဝင်ရပ်တည်နိုင်မှုမရှိသောကြောင့် ထိုင်း – ရှမ်းနယ်စပ် တလျှောက်ရှိ ဒုက္ခသည်များ၏ လက်တွေ့လိုအပ်ချက်များကို ဖြေရှင်းပေးရာတွင် အခက်အခဲများ ရှိခဲ့သည်။ ရှမ်းဒုက္ခသည်များ၏ လတ်တလောလိုအပ်ချက်မှာ ကျန်းမာရေးနှင့် ပညာရေးဖြစ်သောကြောင့် SWAN က ကျန်းမာရေးလုပ်ငန်းစဉ်နှင့် အိုးအိမ်မဲ့လူထုအတွက် စာသင်ကျောင်း စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ မိမိတို့၏ လူငယ်မျိုးဆက် အဖွဲ့ဝင်များ၏ အရည်အသွေးမြှင့်တင်ပေးရန်အတွက် ထိုင်းနိုင်ငံနှင့်နိုင်ငံရပ်ခြားရှိ အခြားအဖွဲ့အစည်းများထံသို့ အလုပ်သင်များစေလွှတ်ခဲ့သကဲ့သို့ ရှမ်းအမျိုးသမီးငယ်များအတွက် SWAN၏ ကိုယ်ပိုင် အလုပ်သင်အစီအစဉ်ကိုလည်း စတင်ခဲ့သည်။

ပထမတွင် မိမိတို့၏ အလုပ်သင်များအတွက် အတိအကျချမှတ်ထားသော အချိန်ဇယားသော်လည်းကောင်း သင်ရိုးညွှန်းတမ်း သော်လည်းကောင်းမရှိခဲ့ပေ။ အလုပ်သင်များအား အခြားအဖွဲ့အစည်းများမှ ပြုလုပ်သောသင်တန်းများ၊ အစည်းအဝေးများသို့ စေလွှတ်ပေး၍ အကြောင်းအရာပိုင်းဆိုင်ရာ လေ့လာသင်ယူစေခြင်း၊ SWAN အသင်းနှင့် ရှမ်းလူ့အဖွဲ့အစည်းများ၏ ပြင်ပရှိ အခြားသူများနှင့် အလုပ်အတူတကွ လုပ်ကိုင်ခြင်းသဘာဝကို လေ့လာစေခဲ့သည်။ ထိုအတွေ့အကြုံများသည် SWAN အလုပ်သင်များ လုပ်ရဲကိုင်ရဲမှုရှိလာစေရန်နှင့် ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်တတ်လာစေရန်တို့အပြင် SWAN၏ ပြင်ပ၌ ခိုင်မာသော လုပ်ငန်းကွန်ယက်များ တည်ဆောက်ရန်တို့အတွက်ပါ အထောက်အကူဖြစ်ခဲ့သည်။

SWAN အလုပ်သင်များအား SWAN အလုပ်အဖွဲ့တွင်းသာမက လူထုအကြားနှင့် ကျယ်ပြန့်သောလုပ်ငန်းများအကြားတွင် ဆန်းသစ်စွာတွေးခေါ်ရန်၊ ဦးစီးရှေ့ဆောင်မှုကို ပြသရန်၊ အတူတကွပူးပေါင်းလုပ်ဆောင်ရန်အား အမြဲတစေ တွန်းအားပေးခဲ့သည်။

လုပ်ငန်းဆောင်ရွက်ရေး မဟာမိတ်များ တည်ဆောက်ခြင်း

အမျိုးသမီးများ၊ ကလေးငယ်များနှင့် မိမိတို့လူ့အသိုင်းအဝန်း၏ အခွင့်အရေးများ တိုးတက်လာစေရေးအတွက် သွေးစည်းညီညွတ်မှုနှင့် လုပ်ငန်းများ မြှင့်တင်ရန်အတွက် မဟာမိတ်များတည်ဆောက်ခြင်းဟူသော ကွန်ယက်ဖွဲ့ခြင်း၏ သဘောတရားကို မိမိတို့ SWAN အဖွဲ့ဝင်များက အသင်းစတင် တည်ထောင်ကတည်းကပင် ခိုင်ခိုင်မာမာ ယုံကြည်ထားသည်။

မိမိတို့အဖွဲ့ဝင်များအနက် အချို့သည် ထိုင်းနိုင်ငံအခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အဆက်အသွယ် တည်ဆောက်ထားနှင့် ပြီးဖြစ်သည်။ အသင်းဖွဲ့စည်းအပြီး လအနည်းငယ်အတွင်း SWAN အသင်းသည် ချင်းမိုင်မြောက်ပိုင်းတွင် ထိုင်းစစ်တပ်အရာရှိတဦး၏ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်စော်ကား မှုခံခဲ့ရသော ရှမ်းတိုင်းရင်းသူ ရွှေ့ပြောင်းအလုပ်သမတစုအတွက် တရားဥပဒေအရ အရေးယူနိုင်ရန် ထိုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ (*ထိုင်း အန်ဂျီအိုများနှင့်ကွန်ယက် တည်ဆောက်ခြင်း၊ စာကွက်ကို ကြည့်ပါ။*)

(၁၉၉၉ ခုနှစ် စက်တင်ဘာလထုတ် SWAN၏ ပထမဦးဆုံးသတင်းစာစောင်မှ ကောက်နုတ်ချက်)

ထိုင်းအန်ဂျီအိုများနှင့် ပူးပေါင်းကာ မုဒိမ်းကျင့်ခံရသူ ရှမ်းအမျိုးသမီးရွှေ့ပြောင်းအလုပ်သမများအတွက် တရားဥပဒေကြောင်းအရ တောင်းဆိုခြင်း

အမှုဖြစ်ပုံ

၁၉၉၉ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ထိုင်းနိုင်ငံမြောက်ဖက် ချင်းမိုင်ခရိုင်အတွင်းရှိ ရှမ်းအမျိုးသမီးနှစ်ဦးကို မုဒိမ်းကျင့်ပြီး၊ အခြားအမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုခဲ့သူ ထိုင်းတပ်မတော် ဒုဗိုလ်အဆင့်ရှိသူတဦးသည် အနိုင်ကျင့်ခံခဲ့ရသူ အမျိုးသမီးများအနက် ၃ ဦးနှင့် တရားခွင်၏ပြင်ပ ဖြေရှင်းမှုပြုလုပ်ကာ တရားစွဲခံရခြင်းမှ ရှောင်လွှားခဲ့သည်။

ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အမျိုးသမီးများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်သည့် ၁၉၉၉ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့တွင် ယင်းအနိုင်ကျင့်မှု ဖြစ်ခဲ့ခြင်း ဖြစ်သည်။ နယ်မြေခံရိန်းချားတပ်ဖွဲ့၏ တပ်မှူးဖြစ်သူ ထိုထိုင်းအရာရှိသည် ထိုင်း–မြန်မာ နယ်စပ်အနီး ဘန့်လန်ကျေးရွာရှိ သူ၏စခန်းတွင် အမျိုးသမီး ၁၁ ဦးကို ထိန်းသိမ်းထားခဲ့၍ အမျိုးသမီးများအား အဝတ်အစားများချွတ်စေကာ၊ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် မဖွယ်မရာများ လုပ်ခဲ့သည်။ ထိုအမျိုးသမီးများအနက် အမျိုးသမီး ၂ ဦးကို မုဒိမ်းကျင့်ခဲ့သည်။

အမှုဖြစ်ပွားပြီးနောက် မုဒိမ်းကျင့်ခံခဲ့ရသူ အမျိုးသမီးတဦးအပါအဝင် အမျိုးသမီး ၃ ဦးက ဒေသခံအာဏာပိုင်များထံသို့ အမှုဖွင့်တိုင်ကြားကာ ထိုထိုင်း စစ်အရာရှိအား အရေးယူပေးရန် တောင်းဆိုခဲ့သည်။ သို့သော် ဇူလိုင်လ ၂၉ ရက်နေ့တွင် အမှုများကို ရုပ်သိမ်းပစ်ရန်နှင့် တရားခွင်ပြင်ပ ဖြေရှင်းမှုပြုလုပ် ရန်အတွက် အမျိုးသမီးများအား ဖန်မြို့ရှိ ဒေသခံရဲစခန်းသို့ ခေါ်ဆောင်လာခဲ့သည်။

တရားလို ၃ ဦးအနက် မုဒိမ်းကျင့်ခံခဲ့ရသူအမျိုးသမီးသည် ဘတ်ငွေ သောင်းတစ်ထောင် (အမေရိကန်ဒေါ်လာ ၃၀၀ ခန့်)နှင့် အဝတ်အစားများ ချွတ်ပြခဲ့ရ သော အခြားအမျိုးသမီး ၂ ဦးသည် တယောက်လျှင် ၅၀၀၀ ဘတ်စီသာ ရရှိခဲ့သည်။ မုဒိမ်းအကျင့်ခံရသူ အမျိုးသမီးအားရဲစခန်းသို့ လိုက်လံပို့ဆောင် ပေးခဲ့သူ SWAN အဖွဲ့ဝင်ကို ထိုင်းစစ်တပ်အရာရှိ၏ကိုယ်စားလှယ်က အမှုနှင့်ပတ်သက်၍ ရှေ့ဆက်တိုးပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

လှုပ်ရှားဆောင်ရွက်မှု၊

ယင်းအမှုဖြစ်ပွားပြီးနောက် ရှေ့အနာဂတ်တွင် အရာရှိများ အပြစ်ပေးမခံရ လွတ်မြောက်သွားနိုင်မည့်အရေးနှင့် ထိုကဲ့သို့ အနိုင်ကျင့်မှုမျိုး နောက်ထပ်တဖန်ဆက်လက် ဖြစ်လာနိုင်မည့်အရေးအပေါ် SWAN အသင်းက အလွန်အမင်းစိုးရိမ်ခဲ့သည်။ ထို့ကြောင့် ယင်းအမှုအား မည်ကဲ့သို့ ရှေ့ဆက်တင်ရမည့်အရေးနှင့်ပတ်သက်၍ SWAN အသင်းသည် ထိုင်းအမျိုးသမီးရေးရာဖောင်ဒေးရှင်းအပါအဝင် အမျိုးသမီးအခွင့်အရေး ထောက်ခံလုပ်ဆောင်နေသော ထိုင်းအန်ဂျီအိုများစွာထံမှ အကြံဉာဏ်များ တောင်းခံခဲ့သည်။

ထိုင်းအန်ဂျီအို (၁၀) ဖွဲ့အကြားတွင် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး ချွမ်လီပိုင် (ဝန်ကြီးချုပ်လည်းဖြစ်သည်။) ထံသို့ အောက်ဖော်ပြပါ မေတ္တာရပ်ခံချက်များပါသော စုပေါင်းကန့်ကွက်တောင်းဆိုလွှာကို တင်ပြရန် သဘောတူခဲ့သည်။

*၁။ ရှမ်းအမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာအရ အနိုင်ကျင့်စော်ကားခဲ့သော အရာရှိအား တရားမျှတ၍ သိသာမြင်သာသော စည်းကမ်းပိုင်းဆိုင်ရာအရေးယူဆောင်ရွက်မှု အမြန်ဆုံးလုပ်ဆောင်ရန်နှင့် ယင်းအမှုနှင့်ပတ်သက်၍ မည်သို့ဖြစ်ပျက် နေပုံကိုလည်း အန်ဂျီအိုများနှင့် မီဒီယာသို့ အသိပေးရန်။*
*၂။* အစိုးရအေဂျင်စီများက ၎င်း၏ အုပ်ချုပ်မှုအောက်ရှိအရာရှိများသည် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်မှုမရှိစေရန်၊ အထူးသဖြင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအရ အနိုင်ကျင့်စော်ကားမှု မရှိစေရန် ထိန်းသိမ်းလုပ်ဆောင်သင့်သည်။
*၃။* အနာဂတ်တွင် ရွှေ့ပြောင်းအလုပ်သမားများအပေါ် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများသို့မဟုတ် လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုများအတွက် ကျူးလွန်သူနှင့်သက်ဆိုင်သော အစိုးရအေဂျင်စီများနှင့် တရားဥပဒေကြောင်းလုပ်ငန်းတွင်ပါဝင်သော မည်သည့်အရာရှိမဆို မျှတသောတရားရေးစနစ်ရှိစေရန် လုပ်ဆောင်ပေးသင့်သည်။

ယင်းကန့်ကွက်စာအား စက်တင်ဘာလ ၉ ရက်နေ့တွင် ထိုင်းအစိုးရထံသို့ အန်ဂျီအို ကိုယ်စားလှယ်များက လူကိုယ်တိုင် ပေးအပ်ခဲ့သည်။
ထိုကန့်ကွက်စာတွင် လက်မှတ်ရေးထိုးခဲ့သော အန်ဂျီအိုများအနက် **Friends of Women၊ the Global Alliance Against Trafficking of Women၊ Empower, the Migrant Assistance Program** နှင့် **Forum Asia** အပါအဝင်ဖြစ်သည်။

*မှတ်ချက်။ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလတွင် ဝန်ကြီးချုပ်ရုံးဝန်ကြီး နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့သည် ထိုကျူးလွန်သူအရာရှိအား စည်းမျဉ်းစည်းကမ်းပိုင်းအရ အရေးယူပြီးဖြစ်သည့်အကြောင်း **Friends of Women** အဖွဲ့ထံသို့ အကြောင်းပြန်ခဲ့သည်။ သို့သော် အပြစ်ပေးမှုသည် ရိုးစင်းလွန်းလှသည်။ ထိုအရာရှိအား ခန့်ဝံချုပ်တနှစ်ချမှတ်ပြီး သူ၏ မိခင်တပ်ဖွဲ့ စေလွှတ်ခဲ့ခြင်းသာ ဖြစ်သည်။*

ချင်းမိုင်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဝင်ရောက်စီနင်းမှုတွင် အဖမ်းခံခဲ့ရသော အမျိုးသမီးများ၏ အခွင့်အရေးမြှင့်တင်ပေးရန်အတွက် ထိုင်းအခြေစိုက် အန်ဂျီအိုများနှင့်လည်း ဆက်သွယ်လှုပ်ရှားခဲ့သည်။ ၂၀၀၀ပြည့်နှစ်အလယ်ပိုင်းတွင် အမေရိကန်အခြေစိုက် နိုင်ငံတကာတရားမျှတမှုမစ်ရှင်အဖွဲ့၏ စေ့ဆော်မှုကြောင့် ကာရာအိုကေဆိုင်တွင် အလုပ်လုပ်သော အမျိုးသမီး (၂၉) ဦးကို ထိုင်းရဲက ဖမ်းဆီးခဲ့သည်။ **Empower** အဖွဲ့ နှင့် **MAP** အဖွဲ့တို့၏ တောင်းဆိုမှုကြောင့် ချင်းမိုင် ယောကျ်ားလေးဆောင်တွင် ရက်သတ္တပတ် ၆ ပတ်ကြာ ထိန်းသိမ်းခြင်းခံခဲ့ရသော အမျိုးသမီးများထံသို့ **SWAN** အဖွဲ့ဝင်များသွားရောက်လည်ပတ်ကြည့်ရှုခဲ့သည်။ ၎င်းတို့၏ အခြေခံရပိုင်ခွင့်အခွင့်အရေးများ ချိုးဖောက်ခံနေရသည်ကို မိမိတို့တွေ့ရှိခဲ့ရသည့်အပြင် အာဏာပိုင်များက လိုအပ်သော ဝန်ဆောင်မှုအကူအညီများ ဆောင်ရွက်ပေးခြင်းမရှိသောကြောင့် ထိုအမျိုးသမီးများကို နည်းလမ်းမျိုးစုံဖြင့် ကူညီပေးခဲ့သည်။

တချိန်တည်းတွင် မိမိတို့သည် မြန်မာနိုင်ငံမှ အခြားအမျိုးသမီးအဖွဲ့အစည်းများနှင့်လည်း ကွန်ယက်ဖွဲ့လှုပ်ရှားလုပ်ဆောင် နေခဲ့သည်။ ၁၉၉၉ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှ အခြားအဖွဲ့ ၁၁ ဖွဲ့နှင့်အတူ SWAN အသင်းသည် ထိုင်းဝန်ကြီးချုပ်[၁] ထံသို့ ထိုင်းနိုင်ငံမှ လက်မှတ်မရှိ ရွှေ့ပြောင်းအလုပ်သမားများ အစုလိုက်အပြုံလိုက် ပြန်ပို့ခြင်းအားကန့်ကွက်သည့်စာပေးပို့ခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားများသည် အစုလိုက်အပြုံလိုက် အဖမ်းခံရကာနယ်စပ်သို့ ပြန်လည်ပို့ဆောင်ခြင်း ခံခဲ့ရသည်။ အထူးသဖြင့် အမျိုးသမီးများသည် အကာအကွယ်မဲ့သူများဖြစ်ကြရာ မြန်မာပြည်သို့ ပြန်ပို့ခံရသည့် အမျိုးသမီးများကို စစ်အစိုးရစစ်သားများ[၂]က မုဒိမ်းကျင့်ခြင်းများနှင့်ပတ်သက်သော သတင်းများထွက်ပေါ်ခဲ့သည်။ အနိုင်ကျင့်ချိုးဖောက်မှုများနှင့် အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများကို မုဒိမ်းကျင့်ခြင်းများ ထပ်မံဖြစ်ပေါ်ခြင်းမှ ကာကွယ်တားဆီးရန်အတွက် ပြန်လည်ပို့ဆောင်ခြင်းများရပ်တန့်ရန်နှင့် အစိုးရ၏ပြန်လည်ပို့ဆောင်ခြင်းမူဝါဒကို ပြန်လည်သုံးသပ်ရန်အတွက် မိမိတို့က ထိုင်းအစိုးရကို အကြံပြုတိုက်တွန်းခဲ့သည်။[၃]

မီဒီယာများတွင်ယင်း ကန့်ကွက်သည့်စာသည် သေသေချာချာပါရှိခဲ့သည်။ ဘန်ကောက်အခြေစိုက် စစ်အစိုးရ၏သံရုံးကပင် ချက်ချင်းတုံ့ပြန်ခဲ့ရသည်။ စစ်အစိုးရသံရုံးက ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့သောစာတွင် ထိုင်းမီဒီယာများတွင်ဖော်ပြသော မြန်မာစစ်သားများ၏ အုပ်စုလိုက်မုဒိမ်းကျင့်မှုသတင်းများ မှားယွင်းကြောင်းဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုစာသည် နေရှင်းသတင်းစာ၏ အယ်ဒီတာထံပေးစာ ကဏ္ဍတွင် ပါရှိခဲ့သည်။[၄]

မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့များ၏ ပီပြင်မှုရှိသော ကွန်ယက်တခုဖွဲ့စည်းပါက မိမိတို့၏ စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းသည် အဆင့်များစွာတွင်အားကောင်းလာနိုင်လိမ့်မည်ဟု မိမိတို့သိမြင်ခဲ့သည့်အတိုင်း ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် တိုင်းရင်းသားအုပ်စုမတူ၊ နောက်ခံသမိုင်းကြောင်းမတူသော မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ ၁၁ ဖွဲ့ နှင့်အတူ ပထမဦးဆုံးသော အမျိုးသမီးတပ်ပေါင်းစုတခုဖြစ်သည့် အမျိုသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)ကို မိမိတို့တည်ထောင်နိုင်ခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် တွဲဖက်လုပ်ကိုင်ရခြင်းသည် အလွန်တန်ဖိုးရှိလှသော လေ့လာစရာအတွေ့အကြုံ ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံများရှိ အမျိုးအစားစုံလင်လှသော ရွှေ့ပြောင်းအလုပ်သမားနှင့် ဒုက္ခသည်အသိုင်းအဝန်းများကို ကိုယ်စားပြုထားသော မြန်မာနိုင်ငံ၏ အခြားနယ်နမိတ်များမှ အမျိုးသမီးအဖွဲ့များနှင့် အလုပ်လုပ်ကိုင်ရခြင်းသည် အလွန်စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ အစောပိုင်းကာလတွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အစိတ်အပိုင်းတခုအဖြစ် မိမိတို့လုပ်ဆောင်ခဲ့သော အရေးကြီးသည့် လှုပ်ရှားမှုတခုမှာ ကမ္ဘာလုံးဆိုင်ရာလူမျိုးခွဲခြားရေးဝါဒကွန်ဖရင့်[၅]အတွက် လက်မှတ်စုဆောင်းရေးစည်းလုံးလှုပ်ရှားမှုတခုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ လူမျိုးခွဲခြားရေးဝါဒနှင့် ပတ်သက်၍ အောက်ခြေလူထုအကြား အသိပညာပေးရန်အတွက် ဖြစ်သည်။ SWAN အဖွဲ့ဝင်များ ယင်းလှုပ်ရှားမှုတွင် ထဲထဲဝင်ဝင် ပါဝင်ကြသကဲ့သို့ တောင်အာဖရိကနိုင်ငံတွင်ပြုလုပ်သော WCAR သို့သွားရောက်သော အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ စည်းရုံးရေးခရီးစဉ်တွင်လည်း ပါဝင်ခဲ့သည်။ ယင်းခရီးစဉ်သည် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ကိုယ်တိုင်ဦးဆောင်သွားသည့် ပထဦးဆုံး နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်[၆] တခုဖြစ်သည်။ ထိုခရီးစဉ်မှတဆင့် မိမိတို့၏ ကွန်ယက်များအားဒေသတွင်းနှင့် နိုင်ငံတကာကွန်ယက်များအထိ ဖြန့်ကျက်နိုင်ခဲ့သည်။



အသားအရောင်ခွဲခြားမှုကို စုပေါင်းဆန့်ကျင်သော အစည်းအဝေး

အဆင့် နှစ်    ၂၀၀၂ – ၂၀၀၄



## မြန်မာနိုင်ငံအတွင်း အစီအစဉ်ချ မုဒိမ်းကျင့်ခြင်းများကို မှတ်တမ်းတင်ခြင်း

၁၉၉၉ ခုနှစ်မှစ၍ မိမိတို့အဖွဲ့၏ ကိုယ်စားလှယ်များသည် ဒေသတွင်း နိုင်ငံတကာညီလာခံများ စတင်တက်ရောက်ကာ ရှမ်းပြည်နယ်အတွင်းရှိ အမျိုးသမီးများအပေါ် နိုင်ငံတော်၏အကြမ်းဖက်မှုအကြောင်းကို ဟောပြောခဲ့သည်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဦးတည်ပြောခဲ့သည်။ တချိန်တည်းတွင် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်တွင် လုပ်ကိုင်နေသော မိမိတို့၏ အဖွဲ့ဝင်များက ၁၉၉၈ ခုနှစ်အတွင်း ရှမ်းပြည်နယ်တလွှား စစ်အစိုးရ၏တပ်သားများက ကျူးလွန်ခဲ့သော မုဒိမ်းကျင့်မှုများအား ကျူးလွန်သူများ၏အမည်ကိုပါ ပူးတွဲဖော်ပြထားသည့်သတင်းများကို စုပေါင်းထားသော မှတ်တမ်းငယ်တခုကို မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့သည်။

၁၉၉၆ ခုနှစ်မှစ၍ မုဒိမ်းကျင့်မှုဦးရေ ကြောက်ခမန်းလိလိ များပြားနေသောကြောင့် ၂၀၀၁ ခုနှစ်တွင် SHRF နှင့် တွဲဖက်ကာ လက်ဝယ်ရှိထားပြီး နိုင်ငံတော်မှ ကင်းလွတ်ခွင့်ပြုထားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စတင်စုဆောင်းခြင်းနှင့် သတင်းအချက်အလက်အသစ်များကိုလည်း သုတေသနပြုခဲ့သည်။ ထိုလုပ်ငန်းမှတဆင့် SHRF နှင့် SWAN တို့သည် ၂၀၀၂ ခု ဇွန်လတွင် "မုဒိမ်းကျင့်ခွင့်လိုင်စင်" အစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့သည်။ ထိုအစီရင်ခံစာသည် ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ် အတွင်း ရှမ်းပြည်နယ်တွင်း မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော အမျိုးသမီးနှင့်မိန်းကလေးငယ် ၆၂၅ ဦး အပါအဝင် လိင်အကြမ်းဖက်မှု ၁၇၃ မှုကို မှတ်တမ်းတင်ထားသည်။[၇]




("မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်း မုဒိမ်းကျင့်ခွင့် လိုင်စင်ရပ်တန့်ရေး" စုပေါင်း ကန့်ကွက်ပန်ကြားလွှာ မှ ကောက်နုတ်ချက်များ)

အဖွဲ့အစည်းအသီးသီးနှင့် တသီးပုဂ္ဂလိကများပါဝင်သော မိမိတို့သည် မြန်မာစစ်အစိုးရက ကျယ်ကျယ်ပြန့်ပြန့်နှင့်အစီအစဉ်ချ ကျူးလွန်သော မုဒိမ်းကျင့်ခြင်းကို စစ်လက်နက်သဖွယ် အသုံးပြုနေခြင်းအပေါ် မိမိတို့၏ ရွံရှာမုန်းတည်းမှု၊ ဒေါသထွက်မှုများကို အတူတကွ ဖော်ပြလိုပါသည်။

မိမိတို့သည် နိုင်ငံတကာမိသားစုအား ထိုကဲ့သို့လုပ်ဆောင်နေမှုများကို အဆုံးသတ်ရန်နှင့် ကျူးလွန်ခံရသူများကို ကာကွယ်ပေးရန်အတွက် ချက်ချင်းလက်ငင်း အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုလိုက်ပါသည်။ SWAN နှင့် SHRF မှ ရဲစွမ်းသတ္တိဖြင့် ပြည့်စုံသူအမျိုးသမီးများ မှတ်တမ်းတင်ကောက်ယူထားသော အချက်အလက်များဖြင့် "မုဒိမ်းကျင့်ခွင့်လိုင်စင်"အစီရင်ခံစာက ဤအကြမ်းဖက်မှုများကြောင့် အဖျက်ဆီးခံနေသော လူ့အသိုင်းအဝန်းအကြား ယခုတိုင် ပြန့်နှံ့နေသည့် အကြောက်တရားကို လူအများသိလာကြသည်။ "မုဒိမ်းကျင့်ခွင့်လိုင်စင်"အစီရင်ခံစာသည် ရာချီသော အမျိုးသမီးများနှင့်အမျိုးသမီးကလေးငယ်များ၏ ငြင်းမရနိုင်သော၊ တုန်လှုပ်ဖွယ်ဖွင့်ဟချက်များကို မှတ်တမ်းတင်ထားသည်။ ထိုအမျိုးသမီးများသည် ရှမ်းပြည်တွင်း၌ စစ်အစိုးရ၏ ပြည်သူများအပေါ် အကြမ်းဖက်နေသည့် သောင်းကျန်းသူနှိမ်နင်းရေးစီမံချက်များတွင် မုဒိမ်းကျင့်ခြင်းကို စစ်လက်နက်သဖွယ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသုံးနေသော အကြမ်းဖက် နည်းလမ်းများ၏ဒဏ်ကို အလူးအလဲခံသည့်သူများ ဖြစ်ကြသည်။[၈]

စစ်အစိုးရသို့ စိန်ခေါ်ခြင်း

"မုဒိမ်းကျင့်ခွင့်လိုင်စင်" စထုတ်ဝေစဉ်မှ စ၍ မိမိတို့သည် အစီရင်ခံစာနှင့် စပ်လျဉ်း၍ အဆင့်ဆင့်၌ စည်းရုံးလှုံ့ဆော်ရေးများ လုပ်ခဲ့သည်။ အစီရင်ခံစာအား လူသိများလာစေရန်အတွက် ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် မီဒီယာများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းအပြင် SWAN သည် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် အခွင့်အရေးဆိုင်ရာလုပ်ရှားဆောင်ရွက်သည့် ကွန်ယက်များဖြင့် နီးနီးကပ်ကပ် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် အမျိုးသမီးတပ်ပေါင်းစုများဖြင့် တည်ဆောက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း လိင်အကြမ်းဖက်မှုရပ်တန့်ရေး လှုပ်ရှားမှုတရပ် ဖေါ်ဆောင်ရန်၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အစိုးရများအကြား ထိုကိစ္စရပ်အပေါ် လှုံ့ဆော်မှုများ ပြုလုပ်သွားရန်အတွက် ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့အဝှမ်းလုံးရှိမိတ်ဆွေများနှင့် ကွန်ယက်များ၏ မှတ်သားဘွယ် အထူးထောက်ခံမှုများကြောင့် ၂၀၀၂ ခုနှစ်နှောင်းပိုင်းတွင် မိမိတို့သည် "မြန်မာနိုင်ငံအတွင်း မုဒိမ်းကျင့်ခွင့်လိုင်စင်ရပ်တန့်ပစ်ရေး"လှုပ်ရှားမှုအား ဒေသတွင်း အဆင့်အပြင် နိုင်ငံတကာအဆင့်အထိပါ လုပ်ဆောင်နိုင်ခဲ့သည်။

၂၀၀၂ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ထိုင်းအမျိုးသမီးအဖွဲ့ ၉၃ ဖွဲ့က ထိုင်းဝန်ကြီးချုပ်ထံသို့ ပန်ကြားလွှာတခုတင်သွင်းခဲ့ရာ ထိုပန်ကြားလွှာတွင် စစ်အစိုးရအား နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက်ဖိအားပေးရန်၊ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိရေး လှုပ်ရှားဆောင်ရွက်နေသူများ၊ အထူးသဖြင့် "မုဒိမ်းကျင့်ခွင့်လိုင်စင်" အစီရင်ခံစာ ရေးသားထုတ်ဝေသော SWANနှင့်SHRF တို့၏ လုံခြုံဘေးကင်းမှုနှင့်အကာအကွယ်ရရေးတို့ဖြစ်သည်။ ထိုတနေ့တည်း၌ ထိုင်းအခြေစိုက် ဒေသဆိုင်ရာလူ့အခွင့်အရေး အဖွဲ့အစည်းများက "ရှမ်းပြည်တွင်း မုဒိမ်းကျင့်ခွင့်လိုင်စင်ရပ်တန့်ရေး" အမည်ရှိ အင်တာနက်ပန်ကြားလွှာတခုကို လွှင့်ထုတ်ခဲ့သည်။[၉] ကမ္ဘာတလွှားရှိ တသီးပုဂ္ဂလိကများ၊ အဖွဲ့အဖွဲ့အစည်းပေါင်း ၂၀၀၀ ကျော်က လက်မှတ်ရေးထိုးခဲ့သော ထိုပန်ကြားလွှာကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့၌ ကျရောက်သော နိုင်ငံတကာအမျိုးသမီးများအပေါ်အကြမ်းဖက်မှုများပပျောက်ရေးနေ့တွင် သံရုံးများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ထိုင်းပါလီမန်အမတ်များနှင့် အစိုးရအရာရှိများထံ ပေးပို့ခဲ့သည်။[၁၀] ထို့နေ့တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့နှင့် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့များတွင် ဒေသခံအဖွဲ့အစည်းများက မြန်မာစစ်အစိုးရသံရုံးရှေ့တွင် လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများအတွက် ဖယောင်းတိုင်ထွန်းဆုတောင်းပွဲများ ကျင်းပခဲ့သည်။

6A : The Nation : *Monday, November 25, 2002*




**Standing** vigil

Members of advocacy groups, led by the Thai Action Committee for Democracy in Burma, light candles in front of the Burmese Embassy in Bangkok yesterday to mark today's International Day to Eliminate Violence Against Women. They are calling for an end to sexual violence against Burmese women, following a recent report that said junta soldiers frequently raped women and girls.

ထိုင်းအခြေစိုက် ဒေသဆိုင်ရာလူ့အခွင့်အရေးအဖွဲ့ဖြစ်သော ဖိုရမ်အေးရှကအစီရင်ခံစာကို ထိုင်းဘာသာသို့ပြန်ဆိုကာ ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ဖြန့်ချိခဲ့ရာ အိတ်ထောင်အရွယ်ဘာသာပြန်စာအုပ်သည် ထိုင်းနိုင်ငံတွင် အရောင်းရဆုံး စာအုပ်တအုပ် ဖြစ်လာခဲ့ကာနှစ်ကြိမ်တိုင်တိုင် ထပ်မံပုံနှိပ်ခဲ့ရသည်။ ၂၀၀၂ ခုနှစ် ဒုတိယ ခြောက်လပတ်အတွင်း ထိုင်းမီဒီယာများတွင် ထိုအစီရင်ခံစာအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့သည်။ ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် ထောက်ခံအားပေးသူ တဦးက အစီရင်ခံစာအား ဂျာမန်ဘာသာသို့ပြန်ဆိုခဲ့ပြီး အင်တာနက်ဝပ်ဆိုဒ်တွင် တင်ထားခဲ့သည်။[၁၁]

ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် ဒေသဆိုင်ရာအမျိုးသမီးအဖွဲ့တဖွဲ့ဖြစ်သော Asia–Pacific Women"s Forum on Law and Development (APWLD)[၁၂]သည် SWAN အား စည်းရုံးလှုပ်ရှားမှုစတင်သည်မှစ၍ ကူညီခဲ့သည်။ မိမိတို့၏စည်းရုံးလှုံ့ဆော်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုများ၊ ကွန်ယက်အဆက်အသွယ်များနှင့် အခြား ထောက်ပံ့ခြင်းများ စဉ်ဆက်မပြတ်ပေးနေဆဲဖြစ်သည်။ အကြောင်းအရာများ[၁၃]အပေါ်တွင် အခြေခံ၍ ပြုလုပ်သော ကမ္ဘာ့ကုလသမဂ္ဂအထူးကိုယ်စားလှယ်များ၏ စည်းဝေးပွဲများသို့ SWAN အဖွဲ့ဝင်များတက်ရောက်နိုင်ရန် ကူညီပံ့ပိုးမှုများလည်းပေးခဲ့သည်။ ထို့အပြင် နိုင်ငံတကာစည်းဝေးပွဲများဖြစ်သော Aisa Social Forum, Commission on the Status of Women နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်များတွင် တက်ရောက်ခွင့်ရရန်လည်း ကူညီပေးခဲ့သည်။

ဩစတေးလျနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအတွင်းရှိ အမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်သည့် ကွန်ယက်များသည်လည်း၊ မိမိတို့၏လှုံ့ဆော်တိုက်ပွဲတွင် တတပ်တအားပါဝင်ခဲ့ကြသည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် ဩစတေးလျနိုင်ငံ အမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုကွန်ယက် (WRANA)က ဩစတေးလျနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာပြည်ခရီးစဉ်ကို ရှုံ့ချကာ ဩစတေးလျအစိုးရအား စစ်အစိုးရထံသို့ လိင်အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ လူအများကြား ထုတ်ဖော်ကန့်ကွက်ရန် အကြံပြုထားသော သတင်းထုတ်ပြန်ချက်တစောင် ထုတ်ပြန်ခဲ့သည်။[၁၄] အမေရိကန်ပြည်ထောင်စု နယူးယောက်အခြေစိုက် နိုင်ငံတကာအမျိုးသမီးအဖွဲ့အစည်း Equality Now[၁၅] ကလည်း မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂအေဂျင်စီများ၏ ရုံးများသို့ တယ်လီဖက်ဖြင့်စာများပေးပို့ခဲ့သည်။ ထိုစာတွင်စစ်တပ်မှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်နေသည်ကို ၎င်းအေဂျင်စီများက ရေငုံနှုတ်ပိတ်နေခြင်းအပေါ် ဝေဖန်ထားပြီး ၎င်းတို့နှုတ်ဆိတ်မှုများကို စစ်အစိုးရကအသုံးချ၍ ချိုးဖောက်မှုများမရှိဟု သက်သေအဖြစ် ပြောဆိုနေသောကြောင့် ဤလိင်အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ၎င်းတို့ အေဂျင်စီများက လူသိရှင်ကြား ထုတ်ဖော်ကြရန် အကြံပြုထားသည်။[၁၆]

စစ်အစိုးရ၏ ပစ်မှတ်များ ဖြစ်ခြင်း – "အကြမ်းဖက်သမားများ"နှင့် "မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ် သောင်းကျန်းသူများ"

"မုဒိမ်းကျင့်ခွင့်လိုင်စင်"အစီရင်ခံစာပါ အချက်အလက်များက စစ်အစိုးရအပေါ် နိုင်ငံတကာမှဆန့်ကျင်ရှုံ့ချမှုများ ရှိခဲ့သည့်အပြင် ရှမ်းတိုင်းရင်းသားများ အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာ၏ စိတ်ဝင်စားမှုကို မကြုံစဖူး ထူးကဲစွာ ရရှိခဲ့သည်။ ထိုကဲ့သို့ ထင်ပေါ်မှုဖြစ်ခြင်းသည် မြန်မာနိုင်ငံအတွင်းတွင်လည်း ထပ်ဟပ်ခဲ့ရာ နိုင်ငံတကာ၏ ရှုံ့ချမှုများကို ပြေလျော့စေရန်အတွက် စစ်အစိုးရသည် သတင်းစာရှင်းလင်းပွဲများစွာလုပ်၍ မဟုတ်မမှန်ငြင်းပယ်သည့် ထုတ်ပြန်ချက်များစွာ ထုတ်ပြန်ခဲ့ရသည်။ [၁၇]စစ်အစိုးရသည် SWAN အသင်းနှင့် SHRF ကို ဂုဏ်သိက္ခာကျဆင်းစေရန် အားထုတ်ရာ ၎င်းပိုင်မီဒီယာများ

မှတဆင့် သတင်းပုတ်လှှင့်ခြင်းများကို လုပ်ဆောင်ခဲ့သည်။ စစ်အစိုးရက အစီရင်ခံစာရေးသူများကို "အကြမ်းဖက်သမားများ" နှင့် "မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်သူများ"အဖြစ် ခေါ်ဝေါ်သမုတ်ခဲ့သည့်အပြင် အမျိုးသားများ၏ ကြိုးကိုင်မှုဖြင့် အစီရင်ခံစာရေးခဲ့သည်ဟုလည်း ဆိုသေးသည်။ ထို့အပြင် မိမိတို့ SWAN နှင့် အဖွဲ့ဝင်များအား အတိုက်အခံအမျိုးသားများ၏ "ရုပ်သေးရုပ်များ"အဖြစ် တံဆိပ်တပ်ခဲ့ပြန်သည်။[၁၈] SWAN အတွက်မူ ဤကဲ့သို့သော ပြောဆိုမှုသည် မိမိတို့၏တည်ကြည်မှုနှင့် လုပ်နိုင်စွမ်းရည်ကို စော်ကားသည်သာမက မြန်မာနိုင်ငံရှိ အမျိုးသမီးထုတခုလုံး၏ လုပ်ကိုင်နိုင်စွမ်းကိုပါ စော်ကားခြင်းဖြစ်သည်ဟု မှတ်ယူသည်။

မိမိတို့အား လူသိရှင်ကြား သတင်းပုတ်လှှင့်ခြင်းအပြင် စစ်အစိုးရသည် "မုဒိမ်းကျင့်ခွင့်လိုင်စင်" ထုတ်လုပ်ရာတွင် ပါဝင်သူများကို အရေးယူရန် ထိုင်းအစိုးရအား ဖိအားပေးခဲ့သည်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် SWAN နှင့် SHRF သည် ရုံးများကို ပိတ်ခဲ့ရသည်။

## လူသိများလာခြင်းကို ကိုင်ကွယ်ဖြေရှင်းခြင်း – မြင့်မားလှသော "ပညာ"များအား လေ့လာကျွမ်းဝင်လာခြင်း

SWAN အသင်းအနေဖြင့် အရင်းအမြစ်အကန့်အသတ်၊ လုပ်နိုင်စွမ်းအကန့်အသတ်ဖြင့် ရှင်သန်လည်ပတ်နေရသော လူထုအခြေပြုအဖွဲ့အစည်းငယ်တဖွဲ့သာ ဖြစ်နေသေး၍ မုဒိမ်းကျင့်ခွင့်လိုင်စင် အစီရင်ခံစာမှတဆင့် ရုတ်ချည်း လူသိများလာခြင်းကို လိုက်မီအောင်ကိုင်တွယ်ရသည်မှာ လွန်စွာခက်ခဲလှပေသည်။ မိမိတို့သည် အဖွဲ့အစည်း၏ ပုံမှန်လုပ်ငန်းများ အကောင်အထည်ဖော်ရန် အားထုတ်နေရသည့် တချိန်တည်းမှာပင် လူသိများပြားလာရခြင်းကို အဆင်ပြေစွာ ကိုင်တွယ်ဖြေရှင်းရန်အတွက် မိမိတို့၏ အရင်းအမြစ်များအားလုံး၊ လုပ်နိုင်စွမ်းအင်များအားလုံး ပူးပေါင်း စိုက်ထုတ်ခဲ့ကြပါသည်။

မိမိတို့၏ ပထမဦးဆုံး ဦးစားပေးလုပ်ငန်းတခုမှာ ထိုင်းဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ စသည့်မီဒီယာများကို တုံ့ပြန်ရန်အတွက် မီဒီယာအလုပ်အဖွဲ့တခုဖွဲ့ခြင်းပင် ဖြစ်သည်။ ၎င်းမီဒီယာအလုပ်အဖွဲ့သည် သတင်းတွေ့ဆုံ မေးမြန်းခြင်းများကို တိုက်ရိုက်လုပ်ဆောင်ခြင်း၊ သတင်းထောက်များနှင့်အတူ မုဒိမ်းကျင့်ခံခဲ့ရသူများနှင့် ၎င်းတို့အသိုင်းအဝန်းထံသွားရောက်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းများ အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးပေးခြင်းတို့လုပ်ဆောင်ခဲ့ကြသည်။ ထို့အပြင် စစ်အစိုးရ၏ ငြင်းဆိုချေပချက်များနှင့် မီဒီယာအားဖြင့်တိုက်ခိုက်မှုများကို ချက်ချင်းလက်ငင်းတုံ့ပြန်နိုင်ရန်တွက် သတင်းများကို စောင့်ကြည့်လေ့လာခြင်း၊ သတင်းထုတ်ပြန်ချက်များပြင်ဆင်ခြင်း၊ မီဒီယာများ၊ ကွန်ယက်များထံသို့ သတင်းထုတ်ပြန်ချက်များ အချိန်မီရောက်အောင် ပေးပို့ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ မိမိတို့သည် *မုဒိမ်းကျင့်ခွင်လိုင်စင် လက်ကမ်းစာစောင်များ*[၁၉] ကို ရှမ်းဘာသာ၊ မြန်မာဘာသာ၊ ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေကာ နယ်စပ်တလျှောက်နှင့် မြန်မာနိုင်ငံအတွင်းရှိ ပိုမိုကျယ်ပြန့်သော စာဖတ်ပရိတ်သတ်များအတွက် ဖြန့်ဝေပေးခဲ့သည်။

ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများတွင် ကျင်းပပြုလုပ်သော လူထုအစည်းအဝေးများတွင် အစီရင်ခံစာနှင့်ပတ်သက်၍ ပြောဆိုတင်ပြရန် မိမိတို့အားဖိတ်ခေါ်သောကြောင့် မိမိတို့သည် စည်းရုံးရေးအဆင့်အသီးသီး၌ လှုံ့ဆော်ခြင်းလုပ်ငန်းနှင့် လူထုကြားပြောဆိုလှုံ့ဆော်ခြင်း လုပ်ငန်းများတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ အလျင်အမြန်ရရှိလာခဲ့သည်။

မိမိတို့၏ လုပ်ကိုင်သည့်နည်းဟန်များ မကြာခင်အချိန်အတွင်း စနစ် ပို၍ ကျလာသည်နှင့်အမျှ SWAN အသင်းအတွက် စည်းရုံးလှုံ့ဆော်ရေးအလုပ်အဖွဲ့ကို ဖွဲ့နိုင်ခဲ့သည်။ အလုပ်အဖွဲ့ဝင်တဦးချင်းစီသည် မိမိတို့စည်းရုံးလှုံ့ဆော်နေသော အကြောင်းအရာ၊ ခေါင်းစဉ်များအပေါ်တွင် အကျွမ်းတဝင်ရှိရမည် ဖြစ်သည်။ အထူးသဖြင့် လိင်အကြမ်းဖက်မှု အရေးကိစ္စကို အကျွမ်းတဝင်ရှိရမည့်အပြင် မီဒီယာနှင့် အခြားသောကွန်ယက်များနှင့် ပတ်သက်သော အတွေ့အကြုံလည်း

ရှိရမည် ဖြစ်သည်။ ထို့အပြင် ဘာသာစကားတက်ကျွမ်းမှုသည် မရှိမဖြစ်သော အရည်အချင်းတခုအဖြစ် သတ်မှတ်သည်။[၂၀] ထို့နောက် မီဒီယာဆိုင်ရာ မဟာဗျူဟာများ ချမှတ်ရန်၊ သတင်းထုတ်ပြန်ချက်များကို အခြေအနေအချိန်အခါနှင့်ကိုက်၍ ရေးသားထုတ်ပြန်ရန်၊ မီဒီယာများနှင့် နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်ခြင်းများစသည်တို့ကို မိမိတို့လေ့လာ တတ်မြောက်လာခဲ့ကြသည်။ မိမိတို့၏စည်းရုံးလှုံ့ဆော်ရေး၏ အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းထားရန်နှင့် ထွက်ပေါ်လာသော အကြောင်းချင်းရာများကို တုံ့ပြန်နိုင်ရန်အတွက် မိမိတို့သည် လုပ်ငန်းကွန်ယက်အဖွဲ့ဝင်များ၏ နည်းပညာပိုင်း ဆိုင်ရာ အကူအညီဖြင့် (ထိုအချိန်က **APWLD** ၏ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာ (**VAW**) လုပ်ငန်းစဉ် တာဝန်ရှိသူများက အများဆုံး ကူညီ ပံ့ပိုးခဲ့ကြသည်။) မိမိတို့အသင်း၏ အမြင်သဘောထား စာတမ်းများကို ပြင်ဆင်ရန်အတွက်လည်း လေ့လာခဲ့ကြသည်။ လှုံဆော်ရေးလုပ်ငန်း အရှိန်အဟုန် အမြင့်ဆုံးရောက်နေချိန်တွင် မိမိတို့လုပ်ငန်းကွန်ယက်များ၏ တခဲနက်တောင်းဆိုမှုကို တုံ့ပြန်သည့်အနေဖြင့် **SWAN** ၏အင်တာနက် ဝက်ဗ်ဆိုက်ကို မိမိတို့ တည်ဆောက် ဖြစ်ခဲ့ကြသည်။ [၂၁]

မိမိတို့သည် ဒေသခံနယ်ပယ်များ၊ ဒေသအတွင်းနှင့် နိုင်ငံတကာအမျိုးသမီးလုပ်ငန်းကွန်ယက်များ၊ လူ့အခွင့်အရေး လုပ်ငန်းကွန်ယက်များ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကွန်ယက်များ အစရှိသည့် မိမိတို့၏ လုပ်ငန်းကွန်ယက်များဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကို လေ့လာသိရှိခဲ့ကြရသည်။ ဤကွန်ယက်များက မိမိတို့၏ လှုံ့ဆောင်ရေးလုပ်ငန်းအတွက် အဖိုးမဖြတ်နိုင်သော ထောက်ခံအားပေးမှုများ ပေးခဲ့ကြခြင်းဖြစ်ပါသည်။ မိမိတို့၏စည်းရုံး လှုံ့ဆော်ရေးလုပ်ငန်းအား အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)[၂၂]၏ အစိတ်အပိုင်းတခုအဖြစ်လည်း လုပ်ဆောင်ရာ၊ မိမိတို့၏လုပ်ငန်းကွန်ယက်များအတွင်း တက္ကသိုလ်ကျောင်းများတွင် လုပ်ကိုင်နေသောပညာရှင်များ၏ နည်းပညာအကူအညီများသည်လည်း မိမိတို့၏ စည်းရုံးလှုံ့ဆော်ရေးအတွက် အထူးအရေးပါ ခဲ့သည်။ မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် နိုင်ငံတော်အစိုးရက ကင်းလွတ်ခွင့်ပြုထားသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို လူအများပိုသိရှိလာစေရန်၊ အထူးသဖြင့် တိုင်းရင်းသားဒေသများအတွင်း စစ်တပ်၏ မုဒိမ်းကျင့်မှုများကို ဒေသဆိုင်ရာအစည်းအဝေးများ (ဥပမာ အာဆီယမ် လူထုဖိုရမ်)နှင့် ကမ္ဘာ့ကုလသမဂ္ဂညီလာခံများတွင် အစိုးရများသိရှိလာစေရန် လုပ်ဆောင်ရာ၌ ၎င်းလုပ်ငန်းကွန်ယက်များက အထောက်အကူပေးခဲ့ကြသည်။

အကျပ်အတည်းတွေ့နေချိန်ကာလများတွင်လည်း ၎င်းလုပ်ငန်းကွန်ယက်များက အဖိုးမဖြတ်နိုင်သော ကူညီပံ့ပိုးမှုများ ပေးခဲ့ပါသည်။ ဥပမာ မိမိတို့၏ အဖွဲ့ဝင် တဦး မြန်မာနိုင်ငံသို့ ပြန်ပို့ခံရမည့်ဆဲဆဲ အခြေအနေ၌ ရင်ဆိုင်နေရချိန်တွင် လုပ်ငန်းကွန်ယက်များစွာက မိမိတို့အသင်းအား အရေးပေါ်အကူအညီများ ပေးခဲ့သည့်အပြင် ပြန်ပို့ခံရမည့်အရေးကို ရှောင်လွှားနိုင်ရန် အာဏာပိုင်များနှင့် ဆက်စပ်ဆောင်ရွက်ပေးခဲ့သည်။[၂၃] နောက်ဆုံးတွင် သူမသည် လုံခြုံစွာ မိမိတို့ ထံသို့ ပြန်ရောက်လာကာ အလုပ်ဆက်လုပ်နိုင်ခဲ့သည်။

နိုင်ငံရေးအရ အားပေးထောက်ခံမှု

မိမိတို့အတွက် အားဖြစ်စေခဲ့သော အဓိကအကြောင်းရင်းတရပ်မှာ အစီရင်ခံစာထုတ်ပြန်အပြီး နိုင်ငံရေးအဖွဲ့အစည်းများမှ မိမိတို့ရရှိခဲ့သော အားပေး ထောက်ခံမှုပင် ဖြစ်ခဲ့သည်။ အစီရင်ခံစာထုတ်ပြန်ပြီး မရှေးမနှောင်းပင် အဝေးရောက်အစိုးရဝန်ကြီးချုပ်ထံမှ မိမိတို့ အစီရင်ခံစာအပေါ် နှစ်ထောင်းအားရဖြစ်မှု ကို ဖော်ပြထားသော စာတစောင် ရရှိခဲ့သည်။

ရှမ်းတော်လှန်ရေးခေါင်းဆောင် စဝ်ယောက်စစ်က ရှမ်းသံတော်ဆင့်သတင်းဌာန မှ ၂၀၀၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ထုတ်ဝေသောသတင်းစာစောင်တွင် ဤသို့ပြောဆိုခဲ့သည်။ *"မုဒိမ်းကျင့်ခွင့်လိုင်စင်အစီရင်ခံစာ မထုတ်ပြန်ခင်က လက်နက်ကိုင်တော်လှန်ရေးသည်သာ တခုတည်းသောနည်းလမ်းဖြစ်ပြီး၊ အမျိုးသမီးတွေ ၎င်းတို့၏ လုပ်အားတွေ အချိန်တွေကို အလဟဿ ဖြုန်းတည်းနေခဲ့ကြတယ်ဟု ကျနော်တို့ ယူဆထားခဲ့တာ။ ယခုအချိန်မှာတော့ ကျနော်တို့ ရန်သူကိုတိုက်ဖို့ တခြားနည်းလမ်းတွေအများကြီး ရှိနေတယ်ဆိုတဲ့အချက်ကို ရဲရင့်လှတဲ့ အမျိုးသမီးများထံကနေ အခုလိုလေ့လာသိရှိလိုက်ပါတယ်။"*

**အဝေးရောက်အစိုးရ (NCGUB)၏ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်းစာ (မုဒိမ်းကျင့်ခွင့်လိုင်စင်ထုတ်ပြန်ပြီး မရှေးမနှောင်းတွင် ပေးပို့ခဲ့ခြင်း ဖြစ်သည်။)**

Reply-To: "NCGUB-USA" <ncgub@ncgub.net>
From: "NCGUB-USA" <burmafund@verizon.net>
To: "SHRF" <shrf@cm.ksc.co.th>
Subject: PM Dr. Sein Win's Appreciation Letter
Date: Thu, 11 Jul 2002 18:39:42 -0400
X-Mailer: Microsoft Outlook Express 5.50.4807.1700
July 10, 2002

**ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင်**
**ချင်းမိုင်မြို့**
**ထိုင်းနိုင်ငံ**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ကိုယ်စား ကျွန်ုပ်အနေဖြင့် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် (SHRF) နှင့် ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN)များအား ရှမ်းပြည်နယ်အတွင်းဖြစ်ပေါ်နေသော ပြည်တွင်းစစ်အတွင်း မြန်မာစစ်အစိုးရ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အသုံးပြုနေခြင်းအား ထုတ်ဖော်သည့် ပြည့်စုံကောင်းမွန်လှသော အစီရင်ခံစာတစောင် ထွက်ပေါ်လာရခြင်းအတွက် နှစ်ထောင်းအားရဖြစ်မိကြောင်း ပြောလိုပါသည်။

စစ်အစိုးရ၏ စရိုက်အမှန်ကို ဖေါ်ထုတ်ရန်အတွက် သင်၏သံဓိဌာန်ခိုင်မာသော ဝန်ထမ်းများက နှစ်ပေါင်းများစွာ ကြာအချိန်ယူ၍ အသေးစိတ်ကျကျ အားထုတ်မှုများသည် တကမ္ဘာလုံးအတိုင်းအတာအရ ကြီးမားသောတက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့၏ လှုံ့ဆော်မှုလုပ်ငန်းလုပ်ရာတွင် ပိုမိုလွယ်ကူလာစေရန်နှင့် ပိုမိုထိရောက်မှုရှိလာစေရန် လုပ်ဆောင်ပေးခဲ့သူ သင်တို့အားလုံးအား ကျေးဇူးဥပကာရ တင်အပ်ပါသည်။

ဖြူစင်ရိုးသားစွာဖြင့်

စိန်ဝင်း
ဝန်ကြီးချုပ်

၂၀၀၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့တွင် ကိုပါဟေဂင်မြို့၌ ကျင်းပသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာထိပ်သီးဆွေးနွေးပွဲ၌ အတိုက်အခံခေါင်းဆောင်များက မြန်မာစစ်တပ်၏ လိင်အကြမ်းဖက်မှုများရပ်တန့်ပစ်ရန်အတွက် နိုင်ငံတကာအရေးယူဆောင်ရွက်ချက်ကို ဦးစားပေးလုပ်ငန်းတခုအဖြစ် တောင်းဆိုလိုက်သောကြောင့် သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုအတွင်း အမျိုးသမီးကိစ္စရပ်အား ထိပ်ဆုံးမှ ဦးစားပေးခဲ့သည်ကို ကြားသိရသည့်အတွက် မိမိတို့လွန်စွာပင် အားတက်မိခဲ့သည်။

## လုံခြုံရေးဆိုင်ရာ စိန်ခေါ်ချက်များ

အစီရင်ခံစာကြောင့် နိုင်ငံတကာ၏ မကြုံစဖူး ထူးကဲသော အာရုံစိုက်မှုရရှိခြင်းက SWAN အသင်းအနေဖြင့် အဖွဲ့အစည်းတစုံလုံးကိုခြုံ၍ စိန်ခေါ်ချက်များစွာကို ရင်ဆိုင်ခဲ့ရသည်။ ၎င်းတို့အနက် အကြီးမားဆုံးသော စိန်ခေါ်ချက်မှာ လုံခြုံရေးအရ ခြိမ်းခြောက်ခံရခြင်းဖြစ်ခဲ့သည်။ အစီရင်ခံစာ ရေးသားသူများနှင့် SWAN အဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် လိုအပ်သည်ဟူ၍ သတင်းအရင်းအမြစ်များစွာမှ သတိပေးချက်များကို မိမိတို့လက်ခံရရှိခဲ့သည်။ SWAN အဖွဲ့ဝင်များသည် SWAN စင်တာတွင် မနေရဲသဖြင့် သူငယ်ချင်းမိတ်ဆွေများနှင့် သွားရောက်နေထိုင်ခဲ့ရသည်။ ကောလဟာလများ နေရာအနှံ့ပြန့်နှံ့ခဲ့ရာ SWAN အဖွဲ့ဝင်များအား ဖမ်းပေးနိုင်ပါက "ဆုငွေ"ထုတ်ပေးမည်၊ ၎င်းတို့ကိုလုပ်ကြံရန် သေနတ်သမားများ ငှားရမ်းထားသည် ဟူသော အမည်မသိအီးမေးလ်များ SWAN အဖွဲ့ဝင်များထံသို့ ဝင်ရောက်လာခဲ့သည်။

၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် မိမိတို့၏စင်တာအား အမိန့်အရ ပိတ်ခဲ့ရသည်။ SWAN အဖွဲ့ဝင်များသည် SWAN က ဖွင့်ထားသည့် အကျဉ်းအကျပ်တွေ့သူများအားထားရှိသည့် ဌာန (Safe house) သို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုအချိန်၌ မိမိတို့ ငွေကြေးအခက်အခဲ အကြီးအကျယ် ကြုံတွေ့ခဲ့ရသည်။ ၂၀၀၃ ခုနှစ် အစောပိုင်းကာလရောက်မှပင် အမျိုးသမီးများအတွက် အရေးပေါ်ငွေကြေးထောက်ပံ့ရေးအဖွဲ့ (Urgent Action Fund for Women) နှင့် ရှေ့တန်းရောက် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအဖွဲ့ (Frontline Human Rights Defenders) များထံမှ အရေးပေါ် ထောက်ပံ့မှု အကူအညီ ရရှိခဲ့သည်။ ၎င်းတို့၏ အထောက်အပံ့များအတွက် မိမိတို့ အစဉ်အမြဲ ကျေးဇူးအထူးတင်လျက်ရှိပါသည်။ ထိုကဲ့သို့ အခက်အခဲများတွေ့နေချိန်အတွင်း Asia Pacific Forum for Women, Law and Development (APWLD) နှင့် Forum Asia အဖွဲ့များ၏ ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်အပ်ပါသည်။

ရုတ်တရက် စင်တာကို ပိတ်လိုက်ရပြီးနောက် SWAN အသင်းသည် "မြေအောက်" သို့ ကွယ်လျှိုးခဲ့ရသည်။ ထို့ကြောင့် အဖွဲ့အစည်း၏ လုပ်ငန်းများလည်ပတ်ရာတွင် ကြီးစွာသော အနှောက်အယှက်များဖြစ်ပေါ်လာခဲ့ရပြီး အဖွဲ့ဝင်များတွင်လည်း စိတ်ပိုင်းဆိုင်ရာဖိစီးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ ဝင်ရောက်ဖမ်းဆီး စီးနင်းမည့်အရေးကို စိုးရိမ်သောကြောင့် မိမိတို့၏စင်တာအား ၂၀၀၂ ခုနှစ် စက်တင်ဘာလ မှ ၂၀၀၆ ခုနှစ်အထိ တနှစ်တခါ ပြောင်းရွှေ့ခဲ့ရသည်။ စင်တာရှိ ဝန်ထမ်းများသည် အလွန်သိုသိုသိပ်သိပ်ဖြင့်နေခဲ့ရပြီး၊ အိမ်နီးနားချင်းများ၏ သာမန်မေးခွန်းများကိုပင် သတိကြီးစွာထား ဖြေဆိုခဲ့ရသည်။

## မုဒိမ်းကျင့်ခံရပြီး သက်ရှင်လွှန်မြောက်လာသူများ ၏ ဆန္ဒ အကျိုးစီးပွားကို ဦးစားပေးခြင်း

လုံခြုံရေးကိစ္စရပ်များအပြင် အစီရင်ခံစာထုတ်ပြန်ပြီးသည့်နောက်ပိုင်း SWAN အသင်း အမြဲတမ်း ကြုံတွေ့နေရသော စိန်ခေါ်ချက်မှာ အစီရင်ခံစာကိုသုံး၍ ထိရောက်သော နိုင်ငံတကာလှုံ့ဆော်မှုတခုဖြစ်အောင် မြှင့်တင်ဆောင်ရွက်နေချိန်တွင် လက်တွေ့အခြေအနေတွင်ရှိနေသော မုဒိမ်းကျင့်ခံရပြီး သက်ရှင်လွှန်မြောက်လာသူများ၏ ဆန္ဒ – အကျိုးစီးပွားကို မည်သို့ ဦးစားပေးမည်နည်း ဟူသောအချက် ဖြစ်သည်။

မုဒိမ်းကျင့်ခံရပြီး သက်ရှင်လွှန်မြောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်းများလုပ်လိုသည့် သတင်းထောက်များ တစစနှင့် ပိုမိုများပြားလာသည်။ အစပိုင်းတွင် SWAN သည် လွတ်မြောက်ရှင်သန်ခဲ့သူများ၏ အမည်ကို ကွယ်ဝှက်ထားရမည်ဟူသော ချွင်းချက်ဖြင့် လွတ်မြောက်ရှင်သန်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခြင်းကို စီစဉ်ပံ့ပိုးပေးခဲ့သည်။ တွေ့ဆုံမေးမြန်းခြင်း ၄–၅– ၆ ကြိမ်ခန့် လုပ်ပြီးသည့်နောက်တွင် ထိုအမျိုးသမီးများသာမက စီစဉ်သူ SWAN အဖွဲ့ဝင်များပါ စိတ်ပိုင်းဆိုင်ရာ နာကျင်ခံစားရမှုများ ခံစားလာရခြင်းကြောင့်၊ SWAN ကနောက်ထပ် မီဒီယာများ၏ တောင်းဆိုချက်များကို ငြင်းပယ်ခဲ့ရသည်။

ထို့နည်းတူစွာ မုဒိမ်းကျင့်ခွင့်လိုင်စင် အစီရင်ခံစာအား ၎င်းတို့ကိုယ်ပိုင် သီးသန့်စုံစမ်းစစ်ဆေးလိုသူ တသီးပုဂ္ဂလိက သုတေသီအချို့၏ တောင်းဆိုချက်များကိုလည်း၊ SWANက ငြင်းပယ်ခဲ့ရသည်။ မုဒိမ်းကျင့်ခံခဲ့ရသူများနှင့် ၎င်းတို့၏ အသိုင်းအဝန်းအတွင်း နောက်ထပ် စိတ်ပိုင်းဆိုင်ရာနာကျင်ခံစားရမှုများ ထပ်မံဖြစ်ပေါ်ခြင်းကို ရှောင်ရှားရန်နှင့် ၎င်းတို့၏ဘေးကင်းလုံခြုံရေး[၂၆]ကို ဦးစားပေးသောကြောင့် ထိုသို့ ငြင်းပယ်ခဲ့ရခြင်း ဖြစ်သည်။

အောက်ခြေရှိ လက်တွေ့ဘဝအခြေအနေတွင် နေနေရသော အမျိုးသမီးများ၏ လိုလားချက်နှင့် အကျိုးစီးပွားကို အမြဲတမ်းဦးစားပေးရမည်ဟူသော အချက်ကို အခိုင်အမာကိုင်စွဲကာ အစီရင်ခံစာတွင်ပါ အချက်အလက်များကို အခြေခံ၊ စည်းရုံးလှုံ့ဆော်သည့် မည်သည့် လှုံ့ဆော်ရေးလှုပ်ရှားမှုများဖြစ်စေ၊ မိမိတို့အား အစချီသည့် ကနဦးမှစ၍ အဆင့်တိုင်း၌ အပြည့်အစုံအသိပေးရန်ကိုလည်း အခိုင်အမာတောင်းခံပြောဆိုခဲ့သည်။

နောက်ထပ်စိန်ခေါ်ချက်များမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စရပ်အပေါ်တွင် ဆောင်ရွက်နေသော နိုင်ငံရပ်ခြားမှလှုံ့ဆော်သူများသည် မိမိတို့၏ တောင်းဆိုမှုများနှင့် တိုက်ရိုက်ဖီလာဆန့်ကျင် ဖြစ်လာခြင်း ဖြစ်သည်။ အထူးသဖြင့် ၄င်းတို့မှ ရှမ်းပြည်နယ်အတွင်း မုဒိမ်းကျင့်ခြင်းများကိစ္စကို လွတ်လပ်သော စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ရန် တောင်းဆိုခြင်းများ ဖြစ်သည်။

မိမိတို့အနေဖြင့် မြန်မာပြည်တွင်း တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်က လုံးဝထိန်းချုပ်ထားခြင်းများ ရှိနေသေးသောကြောင့် မုဒိမ်းကျင့်ခံခဲ့ရသူများ၏ လုံခြုံရေး၊ မျက်မြင်သက်သေများနှင့် ရပ်ရွာရှိရွာသူ၊ ရွာသားများ၏ လုံခြုံရေးအပေါ် လွန်စွာစိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ရသည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာလ၊ ကုလသမဂ္ဂ အထူးအရာရှိ ပါမောက္ခ ပီနဲရိုး အလည်အပတ်မလာရောက်ခင် အချိန်၌ ရှမ်းပြည်နယ်အတွင်းရှိ ရွာသူရွာသားများအား စစ်အစိုးရက လုပ်ခဲ့သော ခြိမ်းခြောက်မှုများက မိမိတို့၏ စိုးရိမ်ပူပန်ချက်များကို ထပ်လောင်း အတည်ပြုခဲ့သည်။[၂၇]

## စုရုံးမှု၊ စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်သည့် စွမ်းရည်များတိုးမြှင့်လာခြင်း

အထက်တွင်ဖော်ပြသကဲ့သို့ စိန်ခေါ်ချက် အများအပြားရှိသော်လည်း မုဒိမ်းကျင့်ခွင့်လိုင်စင်အစီရင်ခံစာနှင့်ပတ်သက်၍ လွန်စွာအားဖြစ်သော သတ်ရောက်မှုတခုမှာ မိမိတို့အသိုင်းအဝန်းရှိ အမျိုးသမီးများက ရှမ်းပြည်နယ်အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ၎င်းတို့ရင်ဆိုင်နေရသည့် မတရားမှုမှန်သမျှအား ပိုမိုထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများကို ရှာဖွေလိုစိတ်ဆန္ဒများ ပို၍ပြင်းပြလာနေကြခြင်း ဖြစ်သည်။ ဤသို့ကြီးထွားလာနေသည့် အမျိုးသမီးရေးလှုပ်ရှားမှုအား တုံ့ပြန်ပေးရန်အတွက် မိမိတို့၏တိုးမြင့်လာသော လုပ်နိုင်စွမ်းရည်များက မိမိတို့ကို အားဖြည့်ပေးခဲ့သည်။

ပထမဦးဆုံးအနေဖြင့်၊ မုဒိမ်းကျင့်ခွင့်အစီရင်ခံစာကြောင့် လူသိများလာခြင်းက အောက်ခြေရှိ မိမိတို့ လုပ်ငန်းအစီအစဉ်များအတွက် ရံပုံငွေများပို၍ ရလာစေခဲ့ခြင်း ဖြစ်သည်။ ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ သတ်ရောက်မှုဒဏ်များကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းအစီအစဉ်များအတွက် နိုင်ငံတကာအေဂျင်စီများက အထောက်အပံ့များ စတင်ပေးလာခဲ့သည်။ ထိုအကူအညီများနှင့်အတူ SWAN အသင်းသည် မိမိတို့၏ အကျပ်အတည်းတွေ့သူများအား ကူညီအားပေးရေးလုပ်ငန်းစဉ်ကို တိုးချဲ့နိုင်ခဲ့သည်။ ထိုလုပ်ငန်းစဉ်အောက်တွင် အကြမ်းဖက်ခံခဲ့ရသော အမျိုးသမီးများအတွက် အရေးပေါ်အကူအညီများပေးခြင်းနှင့် ဝန်ဆောင်မှုများအားဖြင့် ထောက်ပံ့ပေးခဲ့သည်။ ထိုင်းနိုင်ငံမြောက်ဖက် ရှမ်းပြည်နယ်နှင့်နယ်နမိတ်ချင်းထိစပ်နေသော ဒေသများသို့ မိမိတို့ စတင်ခရီးထွက်ခွာကာ လိင်ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုဆိုင်ရာပညာပေး အလုပ်ရုံဆွေးနွေးပွဲများ လုပ်ပေးခြင်း၊ ဌာနေမဲ့ အမျိုးသမီးများအတွက် နှစ်သိမ့်မှုများပေးခြင်းအပြင် အကြမ်းဖက်ခံခဲ့ရသူ အမျိုးသမီးများအတွက် ရပ်ရွာမှ ကူညီထောက်ပံ့မှုများ ပေးခြင်းကို မြှင့်တင်ပေးသည့် လူထုလှုပ်ရှားမှုများ လုပ်ဆောင်ရန်အတွက် ရပ်ရွာတွင် အသိပညာပေးခြင်း လုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ခဲ့သည်။

ဤအစီရင်ခံစာက မိမိတို့၏ ထိုင်းနိုင်ငံအတွင်းရှိ ရှမ်းတိုင်းရင်းသားများအား ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုပေးရန် အရေးဆို စည်းရုံးလှုံ့ဆော်ရာ စင်မြင့်တခု ဖြစ်လာခဲ့သည်။ ထိုင်းလူထုအခြေပြုအဖွဲ့အစည်း ကွန်ယက်များနှင့်အတူ ထိုင်းအထက်လွှတ်တော်အမတ် ကရိုင်ဆစ် ချွမ်ဟာဘင်[၂၆]၊ ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်နှင့် မိမိတို့အသင်းသည် ၂၀၀၂ ခုနှစ် နှစ်လယ်ပိုင်းက ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ရှမ်းတိုင်းရင်းသားဒုက္ခသည် ၆၀၀ ကျော် မြန်မာပြည်ဖက်သို့ ပြန်ပို့ခံရမည့်အရေးအား အောင်မြင်စွာ တားဆီးနိုင်ခဲ့သည်။ ထိုရှမ်းဒုက္ခသည်များသည် ရှမ်းပြည်နယ်တပ်မတော်နှင့် စစ်အစိုးရတပ်ဖွဲ့များအကြား ဖြစ်ပွား သည့်တိုက်ပွဲများအတွင်း နယ်စပ်ဖြတ်ကျော် ထွက်ပြေးလာခဲ့သူများဖြစ်ကာ၊ ထိုင်းဘုန်းကြီးကျောင်းတကျောင်းတွင် ခိုလှုံနေကြသူများ ဖြစ်သည်။ [၂၇]

## အလုပ်သင် တက်ရောက်ခဲ့သော အမျိုးသမီးငယ်များ၏ ပြန်ပြောင်း အမှတ်ရခြင်းများ

**နန်းချမ်လန်း (၁၉၉၉)**

**SWAN** ကို ရောက်မှဘဲ ကျမတို့ တိုင်းပြည်မှာ ဘာတွေ ဘယ်လို ဖြစ်နေတယ်ဆိုတာကို စ သိခဲ့ရပါတယ်။ လူသားတယောက် အနေနဲ့ ဘယ်လို ရပိုင်ခွင့်အခွင့်အရေးတွေ ရှိရမယ်ဆိုတာကို လေ့လာနိုင်ခဲ့သလို၊ အထူးသဖြင့် ကျမတို့တိုင်းပြည်က အမျိုးသမီးတွေရဲ့ အခြေအနေတွေနဲ့ ပတ်သက်လို့ လူအများသိလာအောင် ဘယ်လိုစည်းရုံးရမယ် တိုက်တွန်းရမယ်၊ ကမ်းပိန်းတွေလုပ် လှုပ်ရှားရမယ်စသဖြင့် အရေးကြီးပုံ တွေကိုလည်းလေ့လာ သိရှိခဲ့ရပါတယ်။ ကျမကိုယ်တိုင် ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ပိုမြင့်တက်လာသလို တချို့နေရာတွေမှာ ဦးဆောင်ပြီး ကိုယ်တိုင်လှုပ်ရှားလာဖို့ သတ္တိတွေလည်း ရလာခဲ့ပါတယ် **……..**

**နန်းမွေငင်း (၁၉၉၉)**

ကျမ **SWAN** ကို ရောက်လာတာနဲ့ အမျိုးသမီးများ တွေ့ဆုံဆွေးနွေးပွဲ **(Women's Exchange)** တခုကို တက်ရပါတယ်။ အဲဒီ အချိန်တုံးက ကျမ ဘာမှမသိပါဘူး။ အဲဒီ စည်းဝေးပွဲမှာ တခြားအမျိုးသမီးတွေ ပြောဆိုကြ ဆွေးနွေးကြတာကိုပဲ နားထောင်ခဲ့ရပါတယ်။ ဒါပေမယ့် ကျမအနေနဲ့ ဒီလို အမျိုးသမီးတွေ စုဆုံပြီး အမျိုးသမီးရေးကိစ္စတွေ ဆောင်ရွက်နေတာကို မြင်ရ၊ သိရလို့ တအားဝမ်းသာမိပါတယ် **……..**

**နန်းအီလွန့်ယင်း (၂၀၀၀)**

ကျမတွေ့ရတာ၊ ကြားရတာ၊ လေ့လာမိသမျှ အားလုံးက ကျမအတွက် အသစ်တွေချည်းပါပဲ။ ကျမ လေ့လာထားတဲ့ထဲက ကျမအတွက် စိတ်အဝင်စားဆုံး အချက်ကတော့ အဖွဲ့အစည်းတခုမှာ အလုပ်လုပ်ကိုင်ရတာနဲ့ အဲဒီ မှာလုပ်ကိုင်ဖို့အတွက် ဖွဲ့စည်းထားပုံ ကိစ္စတွေပါပဲ။ "အာဏာမျှဝေခြင်း" ဆိုတဲ့ အယူအဆနဲ့ပတ်သက်လို့ ကျမ တအား အံ့သြမိပါတယ်။ ဒီအဖွဲ့အစည်းက တီထွင်ဖန်တီးမှုရှိစွာ စဉ်းစားတွေးခေါ်ပုံတွေနဲ့ ထိုးထွင်းကြံဆလုပ်ကိုင်တာတွေကို အားပေးပါတယ် **……..**

**နန်းမွန်းလောဝ် (၂၀၀၀)**

အလုပ်သင် လုပ်နေတုံးက ယောကျ်ားတယောက်ရဲ့ အစော်ကားခံရတဲ့ အမျိုးသမီးတယောက်ကို တွေ့ခဲ့တယ်။ အဲဒီအမျိုးသမီးက အပြင်ကို မသွားချင်တော့သလို၊ လူတွေနဲ့လည်း မတွေ့ချင်တော့ဘူး။ သူက SWAN ကို ရောက်လာပြီး အတူနေတော့၊ ဒီက ဝန်ထမ်းတွေက သူ့ကို အားပေးကြတယ်။ အချိန်နည်းနည်းရလာတော့မှ သူ့ကိုယ်သူ ယုံကြည်မှုတွေ ပြန်ပြည့်လာပြီး လူတွေနဲ့ ပြန်တွေ့ဆုံရဲလာတယ်။ ဒီအတွေ့အကြုံကို ကျမဘယ်တော့မှ မမေ့ပါဘူး **……..**

**နန်းခမ်းအုံ (၂၀၀၀)**

ကျမ အလုပ်လုပ်တဲ့နေရာမှာဖြစ်ဖြစ်၊ ပြောရာဆိုရာမှာဖြစ်ဖြစ် ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုရှိလာပါတယ်။ ကျမကိုယ် ကျမလည်း နားလည်လာပါတယ်။ ကျမ ဘာဖြစ်ချင်တယ်၊ ကျမတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းမှာရှိနေတဲ့ ပြည်သူတွေအတွက် ဘာလုပ်ပေးနိုင်တယ် ဆိုတာလည်း သိလာရပါတယ် **……..**

**နန်းခမ်းယတ် (၂၀၀၁)**
**SWAN** က ကျမကို သတ္တိတွေ ခွန်အားတွေ ရလာစေပါတယ်။ ကျမရဲ့ မိသားစုအရင်းအချာလို ပါပဲ။ ဒီမှာ ကျမ ရဲ့ ခံစားချက်တွေကို လူတိုင်းနဲ့ မျှဝေပြောဆိုနိုင်ပါတယ်။ ဒီနေရာက အမျိုးသမီးတွေကို ခွန်အားဖြည့်ဆီးပေးတဲ့ နေရာတခုဖြစ်တယ်။ နောက်ပြီး ကျမတို့ရပ်ရွာ အသိုင်းအဝိုင်း အတွက်လည်း အားဖြစ်စေတဲ့ နေရာပါ။ အမျိုးသမီးတွေကိုယ်တိုင် ကိုယ့်တိုင်းပြည်အကျိုး လုပ်ဆောင်လာနိုင်စေတဲ့ နေရာတခုလို့လည်း ဆိုချင်ပါတယ်။ တချိန်ထဲမှာ–ကျမတို့ ကိုယ့်ကိုယ်ကို ပျိုးထောင်ဖွံ့ဖြိုးနိုင်တဲ့ နေရာ၊ အခြားသူများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ပေးတဲ့ နေရာလေး ဖြစ်ပါတယ် **……..**

**နန်းစွမ် (၂၀၀၁)**
**SWAN** မှာ ကျမသိချင်တာအားလုံး မေးလို့ရတယ်၊ လေ့လာလို့ရပါတယ်။ ကျမတို့ နှစ်သိမ့်ဆွေးနွေး အကြံပေးတဲ့ သင်တန်းလည်း ရပါတယ်။ ဒီလိုရလာတဲ့ အရည်အချင်းတွေနဲ့ ကျမကိုယ်ကျမယုံကြည်မှု ပိုရှိလာပါတယ်။ လူအများကြား မှာလည်း ပြောရဲဆိုရဲ ရှိလာတယ်လို့ **……..**

**မွန်းကိန် (၂၀၀၁)**
ကျမတို့ အကြောင်းအရာ ခေါင်းစဉ်အမျိုးမျိုးကို လေ့လာဆည်းပူးခွင့် ရခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်စနစ်၊ ကုလသမဂ္ဂမှာ ဘယ်လို လုပ်ကိုင်ဆောင်ရွက်နေတယ်ဆိုတဲ့ စနစ်၊ မြန်မာ့အရေး လှုပ်ရှားမှုတွေ စသဖြင့် လေ့လာခဲ့ရပါတယ်။ ဒီ အတွေ့အကြုံတွေက ကျမတို့ အလုပ်အတွက် အများကြီး အကျိုးရှိစေပါတယ်။ ကျမ တခု မှတ်မှတ်သားသား သတိရတာကတော့ **SWAN** ကဖွင့်ထားတဲ့ ဒုက္ခရောက်တဲ့ အမျိုးသမီးတွေကို စောင့်ရှောက်တဲ့ လုံခြုံခိုနားရာ အိမ်ကလေး (safe house) ကို ကျမတို့ကိုယ်တိုင် အားလုံး ပြောင်းခဲ့ရတာကိုပါဘဲ။ အဲဒီအချိန်က **SWAN** ကနေ “မုဒိမ်းကျင့်ခွင့်လိုင်စင်” (License To Rape) အစီရင်ခံစာ ထုတ်ဝေအပြီးနောက်ပိုင်း ကျမတို့ရဲ့ လုံခြုံရေး စိုးရိမ်ရတဲ့ အတွက် ပြောင်းပြီးနေခဲ့ကြရတာ ဖြစ်ပါတယ် **……..**

**နန်းဟိန်း (၂၀၀၃)**
အလုပ်သင် ဖြစ်တုံးက အကြောင်းအရာ ခေါင်းစဉ်တွေ အများကြီး လေ့လာ ဆည်းပူးခဲ့ရပါတယ်။ ဥပမာ– အစု အဖွဲ့ နဲ့ လုပ်ကိုင်တာ၊ လူအများရှေ့မှာ စကားပြောတာ၊ သဘာဝ ပတ်ဝန်းကျင်ကိစ္စ၊ လူမှု ဖွံ့ဖြိုးတိုးတက်ရေး၊ အခြားအဖွဲ့အစည်းများနဲ့ ကွန်ယက်ဆက်သွယ်ဆောင်ရွက်မှု စတာတွေကို လေ့လာခဲ့ရပါတယ်။ နယ်စပ်ကို လည်း ကွင်းဆင်း လုပ်ကိုင်ခဲ့ရပါတယ်။ ကွင်းဆင်းတဲ့အခါ လက်တွေ့ဖြစ်နေတဲ့ အခြေအနေတွေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာသိရှိရတာ ကျမတို့အတွက် အင်မတန် အရေးကြီးပါတယ် **……..**

**ယိင်းစံဟွမ် (၂၀၀၃)**
ကျမအနေနဲ့ ဝန်ထမ်းတွေ၊ အဖွဲ့ဝင်တွေ အချင်းချင်းကြား ညီညွတ်ရေး၊ ကွန်ယက်ဆက်သွယ်ဆောင်ရွက်ရေး၊ အခြားအဖွဲ့အစည်းတွေနဲ့ ကွန်ယက်ဆက်စပ် လုပ်ကိုင်တာတွေကို လေ့လာဆည်းပူးခဲ့ရပါတယ်။ ကျမ **SWAN**မှာ အလုပ်သင်အနေနဲ့ လေ့လာဆည်းပူးခွင့်ရခဲ့ပြီး ရှမ်းအမျိုးသမီးတွေရဲ့ အရည်အချင်းတွေ ကျွမ်းကျင်မှုတွေ တိုးတက်မြင့်မားလာစေဖို့အတွက် ဆောင်ရွက်ခွင့်ရတာ ကျေးဇူးတင်လို့ မဆုံးပါဘူး **……..**

**နန်းမိုဟွမ် (၂၀၀၄)**
ရှမ်းပြည်မှာတုံးက ဝေါ့ရှော့ပ် (**workshop**)လို့ ပြောရင် ကားတွေပြင်တဲ့၊ ကားဝေါ့ရှော့ပ်ကိုပဲ မြင်တတ်ကြပါတယ်။ ကျမ **SWAN** မှာ အလုပ်သင်လုပ်ရတော့ ကျမကို ဝေါ့ရှော့ပ် တက်ရမယ်လို့ ပြောတဲ့အခါ ကျမအတွက် အင်မတန် ထူးဆန်းနေပါတယ်။ အဲဒါနဲ့ ကျမရဲ့ သူငယ်ချင်းကို ဘာဖြစ်လို့ တို့က ဝေါ့ရှော့ပ်သွားရမှာတုန်းလို့ မေးပါတယ်။ ကျမတို့ ကားပြင်တာကို သင်ရမှာလားလို့ မေးမိတယ်။ ကျမက အဲဒီ အလုပ်ရုံဆွေးနွေးပွဲသင်တန်း (**workshop**) ကို တက်ပြီးတော့မှ ဪ –ဝေါ့ရှော့ပ်ဆိုတာ သင်တန်းတမျိုး ပါလားဆိုတာ သိရတော့တယ် **……..**

**နန်းမွေစံ (၂၀၀၄)**
ကျမ **SWAN** မှာ အလုပ်သင်လုပ်တော့ ကျမတို့ လေ့လာဖို့ လိုအပ်နေတဲ့ ပြဿနာတွေ၊ အကြောင်းအရာ ကိစ္စတွေ အများကြီးရှိ နေတာကို သိရတော့တယ်။ ကျမတို့လေ့လာခဲ့ရသမျှ ဘာသာရပ်တွေကို အရောင်တွေနဲ့ ချယ်ပြလိုက်ရင်တော့ တကယ့်ဆေးရောင်စုံတွေ ဖြစ်နေမှာပဲ **……..**

**ယိင်းခမ်း (၂၀၀၄)**
ကျမအနေနဲ့ နိုင်ငံရေးအကြောင်း၊ အမျိုးသမီး အခွင့်အရေးအကြောင်း၊ အမျိုးသမီးတွေ လူကုန်ကူးရောင်းချခံရတဲ့ အကြောင်းတွေကို ပိုသိ လာပါတယ်။ ကျမတို့ သင်ရ လေ့လာရတာကို အခြားသူတွေနဲ့လည်း မျှဝေဖလှယ်တတ်လာတယ်။ လူအများနဲ့လည်း ပေါင်းသင်းဆက်ဆံတာ၊ ဆက်သွယ်တာတွေ ပို ကောင်းကောင်း တတ်လာပါတယ် **……..**

**နန်းယုဝတီ (၂၀၀၄)**
အလုပ်သင်လာလုပ်တော့ ကျမတို့ ရှမ်းပြည်နယ် ဒေသအသီးသီးကလာတဲ့သူငယ်ချင်းတွေနဲ့ နေရပါတယ်။ အဲဒီတော့ ကျမတို့ အချင်းချင်း ဘယ်လိုပေါင်းသင်းဆက်ဆံရမယ်၊ ဆက်သွယ်ရမယ်ဆိုတာတွေ၊ အချင်းချင်း ဘယ်လို အကူအညီပေးရမယ်၊ စွမ်းရည်မြှင့်တင်ပေးရမယ် ၊ ပြီးတော့ တယောက်နဲ့တယောက် ဘယ်လိုအားပေးမယ်၊ အစုအဖွဲ့အနေနဲ့ ဘယ်လို ပူးပေါင်းလုပ်ကိုင်ရမယ် ဆိုတာတွေကို လေ့လာရ သင်ကြား ခဲ့ရပါတယ် **……**

**နန်းဝွန်နွံ (မ်) (၂၀၀၄)**
အလုပ်သင်ကာလပြီးတဲ့အခါ ကျမအနေနဲ့ ကိုယ့်အသိုင်းအဝိုင်းကိုပြန်ပြီး ကိုယ်တို့လူထုတွေကို စွမ်းရည်မြှင့်တင်ပေးရမယ်ဆိုတာကို သဘော ပေါက် လာပါတယ်။ တခြားသူတွေက ကျမကို တန်းတူရည်တူဆက်ဆံတာကို ကျမ ခံချင်တယ်ဆိုတာလည်း သဘောပေါက်လာပါတယ် **……..**

**နန်းမွေနွံ (မ်) (၂၀၀၆)**
ကျမတို့ အသုတ်မှာ ကျမတို့ကို နိုင်ငံရေးအကြောင်းတွေနဲ့ အင်္ဂလိပ်စာသင်ပေးမယ့် နိုင်ငံခြားသူ ဆရာမတယောက် ရှိပါတယ်။ ကျမက ပထမပိုင်း မှာ အင်္ဂလိပ်စကားကိုတော့ နားမလည်ဘူးထင်တာ၊ နောက်မှ ဆရာမကို ကျမ နားမလည်တာတွေကို ကြိုးစားပြီး မေးရင်း မေးရင်း ကျမ အင်္ဂလိပ်စကား ပြောတတ်လာပါတယ်။

**ယိင်းဟွမ် (၂၀၀၆)**

ဆွေးနွေးပွဲ သင်တန်း **(workshop)** တွေနဲ့ သင်တန်းတွေပြီးတဲ့အခါ ပြဿနာ ကိစ္စတွေနဲ့ ပတ်သက်လို့ ကျမပိုလို့ ဗဟုသုတ ရှိလာပါတယ်။ အခြား တိုင်းရင်းသားတွေနဲ့၊ အခြား ရှမ်းလူမျိုး၊ ထိုင်းလူမျိုးတွေနဲ့ ဆက်ဆံတဲ့နေရာမှာလည်း အတွေ့အကြုံရ လာပါတယ်။ ဒါ့တင်မက ကွန်ယက် ဆက်သွယ်ဆောင်ရွက်တဲ့ကိစ္စတွေနဲ့ ရှမ်းလူမျိုး ရပ်ရွာလူမှုအဖွဲ့အစည်းတွေ ဘယ်လိုရှိနေကြတယ်ဆိုတဲ့ သဘောကိုလည်း ပိုလို့ နားလည် လာပါတယ်။ **……..**

**နန်းမွန်းလောဝ် (၂၀၀၆)**

**SWAN** (စွမ်း) ရဲ့ အလုပ်သင်ကနေ ကျမ အခြား အဖွဲ့အစည်းတွေအကြောင်း၊ နိုင်ငံရေးအကြောင်းနဲ့ မြန်မာ့အရေး လှုပ်ရှားမှုအကြောင်းတွေ ကို လေ့လာခွင့်ရခဲ့တာ ဖြစ်တယ် **……..**

**နန်းဆီဝမ်း (၂၀၀၆)**

ကျမ အမြင်မှာတော့၊ **SWAN** (စွမ်း) ဟာ အန္တရာယ်ကျရောက်နေသူတွေ၊ ဒုက္ခတွေ့ပြီး အကူအညီ လိုအပ်နေတဲ့ သူတွေကို ပံ့ပိုးကူညီပေးနေတဲ့ အဖွဲ့ပါ။ နောက်ပြီး ကိုယ့်တိုင်းပြည်ကို ချစ်တဲ့သူတွေ၊ ကိုယ်တို့ ပြည်သူတွေအတွက် လုပ်ကိုင်ဆောင်ရွက်ပေးချင်သူတွေ ပေါင်းဆုံပြီး အတူတကွ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်နေကြတဲ့နေရာ တစ်ခုလို့လည်း ပြောရမှာပါ **……..**



## အဆင့် သုံး ၂၀၀၅ ခုနှစ် —ယနေ့ အထိ



## လူထု အကျိုးပြု လုပ်ငန်းစဉ်များ တိုးချဲ့ ဆောင်ရွက်ခြင်း

ဒေသတွင်းနှင့် နိုင်ငံရပ်ခြားမှကွန်ယက်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိမိတို့ အလှူရှင်များကို ပို၍ဆွဲဆောင်နိုင်လာသည်။[၂၇] ထိုအကူအညီများဖြင့် ရှမ်းပြည်နယ်မှ လာရောက်သော ဒုက္ခသည်ကလေးများအတွက် အခြေခံပညာရေး ထောက်ပံ့ပေးသော မိမိတို့၏ ပညာရေးလုပ်ငန်းစဉ် အပါအဝင် အခြားသောလုပ်ငန်းစဉ်များကို တိုးချဲ့နိုင်ခဲ့သည်။ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဒိန်းမတ်နိုင်ငံအတွင်း ၂၀၀၅ ခု ခရစ်စမတ်ပွဲတော်နှင့် နှစ်သစ်ကူးကာလအတွင်း မိမိတို့ ပညာရေးလုပ်ငန်းစဉ်အတွက် ရံပုံငွေများ ရှာဖွေနိုင်ရန် ဒိန်းမတ်မြန်မာကော်မတီကို ထောက်ပံ့ပေးခဲ့သည်။[၂၈] ၎င်းရံပုံငွေရှာဖွေရေးလုပ်ငန်းတွင် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ရုန်းကုန်နေရသော ရှမ်းဒုက္ခသည်ကလေးများ၏ ဘဝအခြေအနေကို ရိုက်ကူးတင်ဆက်သော မှတ်တမ်းတင်ရုပ်ရှင်ထုတ်လုပ်ရေးလည်း ပါဝင်ခဲ့သည်။ ၂၀၀၅ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း ဒိန်းမတ် တီဗွီထုတ်လုပ်ရေး အဖွဲ့တဖွဲ့ထိုင်း–ရှမ်းနယ်စပ်သို့ ရောက်ရှိလာကာ လိမ္မော်ခြံအတွင်းအလုပ်လုပ်နေသော ရှမ်းဒုက္ခသည်များအကြား မှတ်တမ်းတင်ရုပ်ရှင်ကို ရိုက်ကူးခဲ့သည်။ SWAN အဖွဲ့ဝင်နှစ်ဦး ရုပ်ရှင် ထုတ်လုပ်ရေး အတွက် ပါဝင် ကူညီခဲ့သည်။

နိုဝင်ဘာလတွင် SWAN ပညာရေးလုပ်ငန်းစဉ် တာဝန်ခံသည် DBC၏ ခရစ်စမတ်ပြက္ခဒိန် ဖြန့်ချီရေးလှုပ်ရှားမှု တစိတ်တဒေသကို ပါဝင်လှုပ်ရှားခဲ့သည်။ ဒိန်းမတ်နိုင်ငံတလွှား စာသင်ကျောင်းများသို့ သူမ သွားရောက်၍စကားပြောခဲ့ရာ မြန်မာနိုင်ငံအကြောင်း၊ ရှမ်းဒုက္ခသည်ကလေးများအကြောင်းစသည်တို့ကို ဟောပြောခဲ့သည်။ စာသင်ကျောင်းတိုင်းမှ ကျောင်းသားတိုင်း ရှမ်းတိုင်းရင်းသားများအကြောင်း ရေးသားထားသော စာအုပ်တအုပ်နှင့် ရှမ်းပြည်အတွင်း နေထိုင်နေကြသော တိုင်းရင်းသားများ၏ ဝတ်စုံဝတ်ဆင်ပေးထားသော စက္ကူအရုပ်ကလေးများ ရရှိခဲ့သည်။ လတ်တလောကာလတွင် SWAN အသင်းသည် စာသင်ကျောင်း ၁၆ ကျောင်း (အခြေခံစာရေးစာဖတ်ကျောင်း ၉ ကျောင်း နှင့် နေ့ကလေးထိန်းကျောင်း ၇ ကျောင်း) ကို ထောက်ပံ့ထားသည်။ ထို စာသင်ကျောင်းများ



*ဒိန်းမတ်နိုင်ငံမှ စာသင်ကျောင်းသို့သွားရောက်စဉ်*

ကို ထိုင်း–ရှမ်းနယ်စပ်တလျှောက်တွင် ဖွင့်လှစ်ထားသည်။ ၎င်း ထိုင်း–ရှမ်းနယ်စပ်ဒေသများ၏ နေရာအများစုတွင် ယခင်က စာသင်ကျောင်းတကျောင်းမှ မရှိခဲ့ပေ။ သို့ကြောင့် ယခုကဲ့သို့ အောင်မြင်မှုအပေါ် မိမိတို့အနေဖြင့် အထူးဂုဏ်ယူမိသော်ငြားလည်း ရှမ်းပြည်နယ်မှဒုက္ခသည်များနှင့် ရွှေ့ပြောင်းကလေးငယ်အများအပြားမှာ ပညာသင်ကြားခွင့် မရရှိသည့် အခြေအနေတွင်ပင် ဆက်လက်တည်ရှိနေသောကြောင့် ပို၍ကလေးများ ကျောင်းတက်နိုင်သော နည်းလမ်းများကို မိမိတို့ ဆက်လက် ရှာဖွေရလိမ့်ဦးမည် ဖြစ်သည်။

## ဒုက္ခသည်နှင့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း

ထိုင်းနိုင်ငံတွင် ရှမ်းဒုက္ခသည်များအား အသိအမှတ်ပြုရေးနှင့် ကာကွယ်စောင့်ရှောက်ပေးရေးအပြင် လူသားချင်းစာနာသောအကူအညီပေးရေးအေဂျင်စီများ၏ ဝန်ဆောင်မှုနှင့်ထောက်ပံ့မှုများ ရရှိပိုင်ခွင့် အခွင့်အရေးများအတွက် မိမိတို့ဆက်လက် စည်းရုံးလှုံ့ဆော်နေပါသည်။ ထိုင်းလုပ်ငန်းကွန်ယက်များစွာသည် ပါလီမန်အဆင့်တွင် လှုံ့ဆော်မှုများ လုပ်ပေးခြင်း၊ မီဒီယာ၊ စာပေနှင့်သီချင်းများမှတဆင့် ရှမ်းပြည်သူများ၏ အကျပ်အတည်းကို ထိုင်းလူထုပိုမိုသိရှိလာစေရန် လုပ်ဆောင်ရာတွင် အလွန်အထောက်အကူ ဖြစ်စေသည်။ တချိန်တည်းမှာပင် ထိုင်းနိုင်ငံ၏ ရွှေ့ပြောင်းအလုပ်သမား ဈေးကွက်အတွင်းသို့ အသက်ရှင်ရပ်တည်ရေးအတွက် ဝင်ရောက်လာနေရသော ရှမ်းဒုက္ခသည်များ၏ လုပ်ငန်းခွင်အခြေအနေနှင့် ပို၍ကောင်းမွန်သောဆက်ဆံမှုများ ရရှိရေးအတွက် မိမိတို့သည် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက် လုပ်ကိုင်နေသော အန်ဂျီအိုများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေဆဲဖြစ်သည်။ [၃၀]



*၂၀၀၅ ခုနှစ် ဧပြီလအတွင်း နအဖ၏တိုက်ခိုက်မှုကြောင့် ရှမ်းဒုက္ခသည်ကလေးများ ခိုလှုံသည့်နေရာ*

၂၀၀၅ ခုနှစ် မေလတွင် မိဘမဲ့ကလေး ၂၀၈ ယောက်အပါအဝင် ရှမ်းဒုက္ခသည် ၄၀၀ ကျော်အား ရှမ်းပြည်နယ်အတွင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ထိုင်းစစ်တပ်က အမိန့်ပေးခဲ့ရာ၊ မိမိတို့ **SWAN** ကထိုလုပ်ရပ်ကို ကန့်ကွက်သော မေတ္တာရပ်ခံချက် တခု ချက်ချင်းထုတ်ပြန်၍ ထိုင်းမီဒီယာသို့လည်း အသိပေးခဲ့သည်။ မိမိတို့သည် အခြားသော ရှမ်းလူထု အခြေပြုအဖွဲ့အစည်းများနှင့် အတူ ထိုင်းဝန်ကြီးချုပ်ထံသို့ ၎င်းကဲ့သို့သော ပြန်ပို့မှုသည် စစ်ဖြစ်ပွားရာနေရာတွင်းသို့ ဒုက္ခသည်များကို ပြန်ပို့နေသည်ဖြစ်၍ ပြန်လည်စဥ်စားပေးပါရန် မေတ္တာရပ်ခံလွှာ ရေးသားပေးပို့ ခဲ့သည်။



*၂၀၀၅ တွင် အတွင်းဝန် ကိုယ်စားလှယ် ကိုင်ဆက် ချွန်ဟာဘဲန်* ***(Kraisak Choonhavan)*** *မှထိုင်းနယ်စပ်ရှိရှမ်းဒုက္ခသည်များအားသွား ရောက်လည်ပတ်ခြင်း*

၎င်းဒုက္ခသည်များအား ပြန်တွန်းပို့ခြင်းမှမဟာန့်တားနိုင်ခဲ့သော်လည်းမရှေးမနှောင်းဆိုသလို ဇွန်လတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသတွင်းနှင့် နိုင်ငံတကာ အန်ဂျီအိုများ၊ ထိုင်း လူ့အခွင့်အရေး ကော်မရှင်၊ ထိုင်းနိုင်ငံခြားရေး အထက်လွှတ်တော် ကော်မရှင်တို့မှ

ကိုယ်စားလှယ်များက ထိုင်းအစိုးရအား ရှမ်းဒုက္ခသည်များ ပြန်ပို့ခြင်းနှင့် ပတ်သက်၍ လူထုထံသို့ ရှင်းရှင်းလင်းလင်းအသိပေးရန်နှင့် ရှမ်းဒုက္ခသည်များအား စစ်မက်ဖုံအတွင်းသို့ပြန်ပို့ခြင်း ရပ်တန့်ရန်အပါအဝင် စပေါင်းတောင်းဆိုလွှာကို ထိုင်းအစိုးရထံသို့ ပေးအပ်ခဲ့သည်။ ၂၀၀၇ ခုနှစ် မေလတွင် ထိုင်းစစ်တပ် ချင်းမိုင်မြောက်ဖက်နယ်စပ်တွင် နေထိုင်နေသော ရှမ်းဒုက္ခသည် ၉၁ ဦးအား ရှမ်းပြည်နယ်အတွင်းပိုင်း နေရာသို့ အတင်းအကြပ်ပြောင်းရွှေ့ခဲ့သည်။ ၎င်းတို့သည် နယ်စပ်မျဉ်းပေါ်ရှိ ရှမ်းပြည်နယ် အခြမ်းတွင် နေထိုင်နေသူများဖြစ်ကြသည်။ သို့သော် "ထိုင်းနိုင်ငံမှ အလွယ်တကူတွေ့နေရသည့် မြင်ကွင်းတွင်ဖြစ်သည်"ဟု ဆိုကာ မိုးတွင်းကာလအတွင်း ၎င်းတို့၏ အိမ်များကိုဖျက်စေကာ မြန်မာနိုင်ငံအတွင်း နောက်ထပ် မီတာ ၅၀၀ ဝေးကွာသော နေရာသို့ပြောင်းရွှေ့ ခဲ့ရသည်။ သို့ကြောင့် SWAN အသင်းသည် အခြားသော ရှမ်းအဖွဲ့အစည်းများနှင့်တွဲကာ ထိုင်းဝန်ကြီးချုပ်ထံသို့ ထိုကဲ့သို့ နောက်တဖန် ကြိုးကြောင်းဆီလျော်မှုမရှိ၊ ရက်စက်သောပြောင်းရွှေ့မှုအား ကန့်ကွက်ကြောင်းကို အိပ်ဖွင့်ပေးစာ ထပ်မံရေးသား၍ ပေးပို့ခဲ့သည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ထိုင်းအစိုးရသည် ရှမ်းပြည်မှဒုက္ခသည်များအပေါ်ထားရှိသော ၎င်း၏ မူဝါဒများကို မပြောင်းမလဲထားရှိနေခြင်းဖြစ်သည်။ လေလောဆယ်အားဖြင့် ရှမ်းဒုက္ခသည်နှင့် နိုင်ငံတွင်း ဌာနေမဲ့ပြည်သူ ၆၀၀၀ ကျော် နေထိုင်နေသော ထိုင်း–ရှမ်းနယ်စပ်တလျှောက်တွင် တရားမဝင်စခန်း ၆ ခု ။ယင်းစခန်းများသည် ၂၀၀၀ ခုနှစ်မှစ၍ တည်ထောင်ထားခြင်းဖြစ်ပြီး၊ စခန်းတွင်းလူဦးရေသည် တစစတိုးများလာနေသည်။ SWAN အသင်းသည် ထိုဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားသော အကူအညီများနှင့်ဝန်ဆောင်မှုများပေးရာတွင် ကူညီနေသည့်အပြင် ၎င်းတို့၏လုံခြုံရေးနှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုရှိစေရန် ၎င်းတို့၏အခြေအနေများအား အနီးကပ်စောင့်ကြည့်ကြပ်မတ် နေဆဲဖြစ်သည်။ ၎င်းတို့၏ အခြေအနေအား လူအများသိအောင် ဆောင်ရွက်ပေးရန် လိုအပ်နေမှုနှင့် ၎င်းတို့၏ လုံခြုံရေးကိုထိပါစေသည့် လူအများသိမှုများကို ကာကွယ်တားဆီးရန် လိုအပ်နေမှု နှစ်ခုအကြား ထိန်းညှိရခြင်းမှာ မိမိတို့အတွက် စိန်ခေါ်ချက်တခု အဖြစ် ဆက်လက် ရှိနေဆဲဖြစ်သည်။




## ကူညီထောက်ပံ့ပေးရေးမူဝါဒများအပေါ် စည်းရုံးလှုံ့ဆော်ခြင်း

တရားဝင်အသိအမှတ်ပြုခြင်း မခံထားရသော ရှမ်းဒုက္ခသည်များအတွက် လူသားချင်းစာနာသော အကူအညီများရှာဖွေရခြင်း၏ စိန်ခေါ်ချက်က SWANအား နိုင်ငံတကာအကူအညီပေးရေးဆိုင်ရာ ယန္တရားများနှင့် မူဝါဒများ၏ အသေးစိတ်အချက်အလက်များကို နားလည်လာစေရန် တွန်းအား ဖြစ်စေသည်။

လူထုသက်သေအဖြစ် လက်ခံဆောင်ရွက်ရန် ပျက်ကွက်ခြင်း

> ၂၀၀၂ ခုနှစ်မှစ၍ ရှမ်းပြည်နယ်အတွင်း နိုင်ငံတကာနှင့် ကုလသမဂ္ဂ အကူအညီပေးရေး အေဂျင်စီများတည်ရှိနေခြင်းက အစီအစဉ်ချလိုင်အကြမ်းဖက်မှုများ ကျူးလွန်မှုမရှိကြောင်း သက်သေများပင် ဖြစ်သည်ဟု စစ်အစိုးရက ကိုးကားပြောဆိုချိန်တွင် **SWAN** က ထိုအေဂျင်စီများအား လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထုတ်ဖော်ပြောဆိုကြရန် တစိုက်မတ်မတ် တိုက်တွန်းခဲ့သည်။ ယနေ့အချိန်အထိ ၎င်းတို့က ဤသို့လုပ်ဆောင်ရန် ပျက်ကွက်နေဆဲဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် SWAN အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ အောက်ခြေလူထုအကြား နိုင်ငံတကာအကူအညီပေးရေး ကိစ္စရပ်များကို နားလည်သဘောပေါက်စေရန်အတွက် အကူအညီပေးခြင်းကို အလွတ်သဘောစောင့်ကြည့် လေ့လာရေး အဖွဲ့ဖြစ်သည့်“Concerned Individuals”ကို ကူညီဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့နှင့်အတူ မိမိတို့သည် အရှေ့တီမော နိုင်ငံအတွင်း နိုင်ငံတကာအကူအညီပေးခြင်း၏ အခန်းကဏ္ဍအကြောင်း ရေးသားထားသော စာအုပ်ငယ်တအုပ် ထုတ်ဝေခဲ့ပြီး တိုင်းရင်းသားဘာသာ ၆ ခုနှင့် ဘာသာပြန်ခဲ့သည်။ လက်ရှိ စစ်အစိုးရအောက်၌ မြန်မာနိုင်ငံသို့ အကူအညီပေးနေခြင်းနှင့် ပတ်သက်၍ အစိုးရများနှင့် နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများထံသို့ စိုးရိမ်ပူပန်ချက်များကို ထုတ်ဖော်ပြသသော လက်မှတ်ထိုးလှုပ်ရှားမှုတခုကိုလည်း မိမိတို့လုပ်ဆောင်ခဲ့သည်။

၂၀၀၂ ခုနှစ် ဇွန်လတွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပသော အကူအညီပေးခြင်း၏ လက်တွေ့အခြေအနေ **(Reality of Aid)** နိုင်ငံတကာ အကြံပေးကော်မတီအစည်းအဝေးတွင် “မြန်မာစစ်အစိုးရမှတဆင့် မြန်မာနိုင်ငံသို့ အကူအညီမပေးရေး” ခေါင်းစဉ်ဖြင့်မူဝါဒစာတမ်းတစောင်အား SWAN အဖွဲ့ဝင်တဦးက တင်ပြခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် **(WFP)** က ၂၀၀၄ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်အတွင်းရှိ ဘိန်းစိုက်သူတောင်သူကြီးဟောင်းများအား စားနပ်ရိက္ခာအတွက် အမေရိကန် ၃ ဒသမ ၇ သန်းတန် ထောက်ပံ့ပေးသော အစီအစဉ်စတင်သည်နှင့် SWAN သည် ရှမ်းပြည်နယ်မှ အခြားသောအဖွဲ့များနှင့် ပူးပေါင်းကာ မြန်မာစစ်အစိုးရ၏ အနိုင်ကျင့်သော၊ မတည်မြဲသော မူယစ်ဆေးဝါးပပျောက်ရေးမူဝါဒများအားငင်းအစီအစဉ်ကမည်သို့ ငွေကြေးအရထောက်ပံ့ပေးနေသည်၊ စစ်အစိုးရအား တရားဝင်အသိအမှတ်ပြုစေမည့်အရေးများနှင့်ပတ်သက်၍ စိုးရိမ်ချက်များကို ထုတ်ဖော်ပြသခဲ့သည်။

ယင်းစိုးရိမ်ချက်များကို ဆွေးနွေးရန်အတွက် **WFP** ဝန်ထမ်းများနှင့် အကြိမ်ကြိမ် အစည်းအဝေးများပြုလုပ်ခဲ့သည်။ သို့သော် UNODC က မကြာသေးမီ နှစ်များအတွင်း မြန်မာနိုင်ငံ၏ ဘိန်းထုတ်လုပ်မှုသည် တိုးများလာခဲ့သည်ဟု အစီရင်ခံခဲ့သည့်တိုင် **WFP** က ရှမ်းပြည်နယ်အတွင်း ၎င်း၏ ကူညီထောက်ပံ့သည့် အစီအစဉ်ကို ဆက်လက်တိုးချဲ့ခဲ့သည်။ **WFP**၏ မြန်မာနိုင်ငံအတွင်း ဆန်ဝယ်ပုံဝယ်နည်းများသည် စစ်အစိုးရ၏ အသိုင်းအဝန်းကိုသာ အကျိုးအမြတ်ရစေသည်ဟူသော အချက်ကိုလည်း SWANအသင်းက နိုင်ငံတကာမီဒီယာသို့ အသိပေးနှိုးဆော် နိုင်ခဲ့သည်။ [၃၁]

***စာမျက်နှာ ၃၃ ။*** “ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာဒုက္ခသည်များနှင့် နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူများအတွက် DFID ၏အကူအညီ အထောက်အပံ့ ” အမည်ရသော စုံစမ်းလေ့လာရေး အစီရင်ခံစာအား အောက်လွှတ်တော် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က ၂၀၀၇ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။”

၇၄၊ မြန်မာစစ်တပ်သည် မုဒိမ်းကျင့်ခြင်းအား စစ်လက်နက်သဖွယ် ကျယ်ကျယ်ပြန့်ပြန့်၊ အစီအစဉ်ချ သုံးလျက်ရှိကြောင်း မျက်မြင်သက်သေများစွာက မိမိတို့အား ပြောပြခဲ့သည်။ ၁၅၃၊ ထိုင်း–မြန်မာနယ်စပ်သို့ မိမိတို့သွားရောက်သည့် ခရီးစဉ်အတွင်း မိမိတို့သည် ရှမ်းအမျိုးသမီးရေးရာဆက်သွယ် လုပ်ရှားဆောင်ရွက်ရေးအသင်းဝင်များနှင့် တွေ့ဆုံခွင့်ရခဲ့ကာ အဖွဲ့ဝင်များက ရှမ်းအမျိုးသမီးများသည် လူနည်းစုတိုင်းရင်းသားများ ဖြစ်နေသောကြောင့် အကျူးလွန်ခံရသူများအဖြစ်သို့ မကြာခဏရောက်ရှိနေကြရပြီး၊ အသက် ၆ နှစ်ထိ ငယ်ရွယ်သော မိန်ကလေးငယ်များပင်မုဒိမ်းကျင့်ခံခဲ့ရသည်ဟု ပြောပြခဲ့သည်။ SWAN အသင်းသည် ထိုင်းနယ်စပ်တလျှောက်နှင့် နယ်စပ်ဖြတ်ကျော်၍ မုဒိမ်းကျင့်မှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ မှတ်တမ်းတင်သည့်လုပ်ငန်းအား ဆောင်ရွက်နေသကဲ့သို့ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျှက်ရှိသည်။ အောက်ဖော်ပြပါ ဆွေးနွေးထားသကဲ့သို့ SWAN အသင်းသည် အခြားအလှူရှင်များထံမှ အထောက်အပံ့များ ရရှိနေချိန်တွင် DFID နှင့်လည်း ဘဏ္ဍာငွေရရှိနိုင်မည့် အခွင့်အလန်းအခြေအနေနှင့်ပတ်သက်၍ ယခင်က တွေ့ဆုံ၊ ဆွေးနွေးခဲ့ဘူးရာ အချည်းနှီး ဖြစ်ခဲ့ရသည်ဟု SWAN က ပြောဆိုခဲ့သည်။ ၁၅၄၊ အခြား လူထုအခြေပြုအဖွဲ့အစည်းများက အလားတူ ပြောပြခဲ့သည်။ ၁၅၅၊ **မုဒိမ်းကျင့်ခြင်းအား မြန်မာစစ်တပ်က စစ်လက်နက်သဖွယ် အသုံးပြုနေသည့် ဤအကြမ်းဖက်မှုနှင့် ပတ်သက်၍ ဗြိတိန်အစိုးရအား မြန်မာစစ်အစိုးရထံသို့ အဆင့်မြင့်ကိုယ်စားလှယ်များ စေလွှတ်ရန် မိမိတို့ တောင်းဆိုထားသည်။ DFID သည် နယ်စပ်တလျှောက်နှင့် နယ်စပ်တဖက်တွင် မုဒိမ်းကျင့်မှုနှင့်အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ မှတ်တမ်းတင်နေသော အမျိုးသမီးအဖွဲ့အစည်းများကို ဘဏ္ဍာငွေ ထောက်ပံ့ပေးသင့်ကြောင်းနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများကိုလည်း ထောက်ပံ့ပေးသင့်သည်ဟူသော မိမိတို့၏ အကြံပြုချက် (အပိုဒ် ၂၆ ကိုကြည့်ပါ) ကို ထပ်လောင်းတောင်းဆိုလိုက်သည်။ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း(SWAN)သည် အထူးသဖြင့် ကူညီထောက်ပံ့ပေးရန် ထိုက်တန်သော အဖွဲ့အစည်း တခု ဖြစ်ပေသည်။**

၂၀၀၆ ခုနှစ် ဧပြီလတွင် SWAN အသင်းအား Christian Solidartity Worldwide အဖွဲ့နှင့် Burma Campaign UK က ဗြိတိန်နိုင်ငံသို့ စည်းရုံးရေးခရီး သွားရောက်ရန် ဖိတ်ကြားခဲ့သည်။ SWAN သည် ပါလီမန်ကြားနာပွဲတွင် စကားပြောခွင့်ရခဲ့သည့်အပြင် ဗြိတိန်နိုင်ငံဆိုင်ရာ နိုင်ငံတကာ အကူအညီပေးရေး ဌာန (DFID) မှ အရာရှိများနှင့်လည်း တွေ့ခွင့်ရခဲ့သည်။ ထိုအချိန်က DFID သည် မြန်မာနိုင်ငံသို့ နယ်စပ်ဖြတ်ကျော် အကူအညီများ မပေးသည့်အပြင် မြန်မာနိုင်ငံ နယ်စပ်အခြေစိုက် လူထုအခြေပြု အဖွဲ့များ ကိုလည်း အကူအညီပေးခြင်း လုံးဝ မရှိသေးပေ။ SWAN က DFID အား နယ်စပ်အခြေပြု လူထုအခြေပြုအဖွဲ့အစည်းများအား စတင်ထောက်ပံ့ရန်နှင့် နယ်စပ်ဖြတ်ကျော်အစီအစဉ်များကိုလည်း ထောက်ပံ့ပေးရန် အကြံပြုခဲ့သည်။ ဗြိတိန်နိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ၂၀၀၇ ခုနှစ် မေလတွင် ထိုင်း–မြန်မာနယ်စပ်သို့ အချက်အလက်ရှာဖွေရေး အဖွဲ့တခု စီစဉ်စေလွှတ်သောအခါတွင်လည်း SWAN သည် အခြားသော မြန်မာ့အရေး လှုပ်ရှားသူများနှင့်အတူ ၄င်းကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံကာ အလားတူ တောင်းဆိုချက်များ ပြုလုပ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်သော ကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာက DFID အား နယ်စပ်ဖြတ်ကျော် အကူအညီများပေးရန်နှင့် နယ်စပ်အခြေပြု လူထုအခြေပြုအဖွဲ့အစည်းများအား ထောက်ပံ့ပေးရန် အကြံပြုထားခဲ့သည်။ SWAN အား ကူညီထောက်ပံ့ ပေးရန် ကိုယ်စားလှယ်အဖွဲ့က အတိအကျ အကြံပြုထားခဲ့သည်။ ၂၀၀၈ ခုနှစ် ဧပြီလတွင် DFID က SWAN အသင်းအပါအဝင် ထိုင်း–မြန်မာနယ်စပ် တလျှောက်တွင် လုပ်ကိုင်ဆောင်ရွက်နေသော မြန်မာနိုင်ငံမှ လူထုအခြေပြုအဖွဲ့အစည်းများအား စတင်ထောက်ပံ့ပေးခဲ့သည်။

အသင်း၏အရေးကြီးသော စာစောင်များ




**Shan Women's Action Network (SWAN)**



*The villagers living along the Salween River in Shan State, Burma*

The only thing Burma does not receive from the Asian Development Bank (ADB) is *direct* financial assistance. But the ADB is actively engaging with Burma's military regime in many different ways. The ADB sends consultative missions to Burma to make findings and advice on macroeconomic and other reforms. The ADB also issues *Country Assistance Plans* for Burma. *A* representative of the ruling military regime sits on the ADB's Board of Executive Directors.

The most significant method of engagement, however, probably is done through the **Greater Mekong Subregion** economic cooperation program. Under this cover, the ADB is promoting plans for a deep-sea port, highways and a large dam to be built in Burma.

### Evidence #1: Tasang Dam on the Salween River

The controversial Tasang project in ethnic Shan State. Burma is included in the ADB's "Regional Indicative Master Plan on Power Interconnection in the Greater Mekong Subregion" (**Mekong Power Grid**).

### What is the Mekong Power Grid?

The Mekong Power Grid lays out a power connection scheme in the greater Mekong River region. The ADB strongly promotes this scheme. Under the scheme, broadly put, electricity generated by large-scale hydropower plants in China, Laos, and Burma will be exported and consumed in Thailand and Vietnam.

## ရေရှည်ခံ ဖွံ့ဖြိုးတိုးတက်မှုအတွက် စည်းရုံးလှုံ့ဆော်ခြင်း

မြန်မာစစ်အစိုးရသည် ၁၉၈၈ ခုနှစ်မှစ၍ သဘာဝအရင်းအမြစ်များ တရကြမ်းထုတ်ယူနေသောကြောင့် ရှမ်းပြည်နယ်အတွင်း လျင်မြန်သောနှုန်းထားနှင့် ဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအပေါ် SWAN အသင်းစတင်ဖွဲ့စည်း တည်ထောင်ကတည်းက မိမိတို့ အလွန်အမင်း စိုးရိမ်ခဲ့ရသည်။

ထိုင်းနိုင်ငံသို့ လျှပ်စစ်အား တင်ပို့ရောင်းချမည့် ရှမ်းပြည်နယ်အတွင်း သံလွင်မြစ်၌ ရေကာတာတည်ဆောက်အစီအစဉ်အား ပြန်လည်အသက်သွင်းတော့မည့်သတင်း ၁၉၉၉ ခုနှစ်၌ ပေါ်ထွက်လာချိန်တွင် SWAN အဖွဲ့ဝင်များသည် အခြားသော လူထုအခြေပြုအဖွဲ့အစည်းများ၊ ထိုင်းအန်ဂျီအိုများနှင့် တွဲဖက်ကာ ရေကာတာဖွံ့ဖြိုးတက်တက်မှု အခြေအနေကို စောင့်ကြည့်နိုင်မည့် သံလွင်စောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ မှဒိမ်းကျင့်ခွင့်လိုင်စင် အစီရင်ခံစာ ထုတ်ဝေပြီးနောက် မိမိတို့သည် အစီရင်ခံစာပါ အချက်အလက်များအား ရေကာတာတည်ဆောက်ရန် လျာထားသည့်ဒေသအတွင်း စစ်အစိုးရ၏ စစ်ရေးအရ တိုးချဲ့ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများပါ တဆက်တည်းဖြစ်ပေါ်နေသော ရေကာတာစီမံကိန်းနှင့် ချိတ်ဆက်ရန် အသုံးပြုခဲ့သည်။ SWANအသင်းသည် သံလွင်ရေကာတာကိစ္စရပ်အား စည်းရုံးလှုံ့ဆော်ရန် ဒေသအတွင်း အန်ဂျီအိုများနှင့်လည်း လုပ်ငန်းကွန်ယက် ဖွဲ့စည်းခဲ့သည်။ ၂၀၀၄ခုနှစ်တွင် SWAN အသင်းသည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ဆိုင်ရာ နှစ်ပတ်လည် အန်ဂျီအိုအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး သံလွင်ရေကာတာ တည်ဆောက်ရန် ၎င်းတို့ထောက်ပံ့ပေးမှုကို ကန့်ကွက်ရန် ADB အရာရှိများကို လှုံ့ဆော်စည်းရုံးခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် SWAN သည် ထိုင်းနှင့်တရုတ် သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူများနှင့်အတူ သံလွင်မြစ်အထက်ပိုင်းတွင် တရုတ်နိုင်ငံက ဆောက်လုပ်ရန် ရည်ရွယ်ထားသည့် ရေကာတာ ၁၃ ခု၏ သက်ရောက်မှုကို ခံရနိုင်သော တရုတ်နိုင်ငံအတွင်း သံလွင်မြစ်/နုဝမြစ်တလျှောက် နေထိုင်နေသောဒေသခံ လူထုထံသို့ သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။ SWANသည် သံလွင်ရေကာတာ တည်ဆောက်မည့်စီမံကိန်းမှ ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများအပေါ် စိုးရိမ်ချက်များကို ဒေသဆိုင်ရာအဆင့်မြင့် အစည်းအဝေးပွဲများတွင် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၀၆ ခုနှစ် ဇူလိုင်လ လောနိုင်ငံ ဗီယက်ကျင်းမြို့တွင် ကျင်းပခဲ့သော မဲခေါင်ဒေသအတွင်း ရေကြောင်းဆိုင်ရာဆွေးနွေးပွဲ (Mekong Region Water Dialogue) နှင့် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဟောင်း ပီရဆဝဒီကြီးမှူး ကျင်းပသော စွမ်းအင်လုံခြုံရေး နှီးနှောဖလှယ်ပွဲ (Energy Security Seminar) တွင်လည်း မိမိတို့၏ စိုးရိမ်ချက်များကို ထုတ်ဖော်ပြောဆိုခဲ့သည်။ "မဲခေါင်၊ သံလွင် – ပြည်သူများ၊ မြစ်များ နှင့် အရှေ့တောင်အာရှ၏ မြေယာများ (Mekong, Salween – People, Rivers and Lands of Southeast Asia)" ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ နှင့် မြန်မာနိုင်ငံမှ လှုပ်ရှားတက်ကြွသူများနှင့် ပညာရှင်များအတွက် ကျင်းပသော ကွန်ဖရင့်တွင် SWAN က ဟောပြောခဲ့သည်။ SWAN ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းသည် ထိုင်းအန်ဂျီအိုတခုဖြစ်သော TERRA (Towards Ecological REcovery and Regional Alliance) မှ ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေသော Watershed စာစောင်တွင်

အသိအမှတ်ပြုခံခဲ့ရသည်။ ထိုစာစောင်တွင် မိမိတို့၏ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ဝင်ဖြစ်သူ ချမ်တောင်းအား ဒေသတွင်း သဘာဝပတ်ဝန်းကျင် လှုပ်ရှားတက်ကြွက်သူ လူငယ်ခေါင်းဆောင်များအနက် တဦးအဖြစ် ချယ်မှုန်းခဲ့သည်။

Increased militarization and sexual violence around planned Salween Dam site (1996-2002)



## SWAN အသင်းအပေါ် နိုင်ငံတကာမှ အသိအမှတ်ပြုမှုများ

**SWAN** အသင်းနှင့် အသင်းအဖွဲ့ဝင်များသို့ ချီးမြှင့်သော ဆုများ

၂၀၀၅ ခုနှစ်

- Peter Gruber Foundation မှ ချီးမြှင့်သော ၂၀၀၅ ခုနှစ် အတွက် အမျိုးသမီးများ အခွင့်အရေး ဆု
- တိုင်းမ်အာရှမဂ္ဂဇင်းမှ ချီးမြှင့်သော အာရှသူရဲကောင်းများဆု (Asia's Heroes Award)
- Marie Claire ဆု: ကမ္ဘာ့အဝှမ်း ထိပ်တန်းရောက် အမျိုးသမီး ဆယ်ဦးအနက် တဦး။
- Reebok လူ့အခွင့်အရေးဆု (Reebook Human Rights Award)

၂၀၀၆ ခုနှစ်

- ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်ရှိ ရာဂျာဘတ်တက္ကသိုလ်မှ ချီးမြှင့်သော "The Best Practice Award" in the Upper Greater Mekong Sub- region ဆု

၂၀၀၇ ခုနှစ်

- နော်ဝေးနိုင်ငံမှ ကျောင်းသားများ ချီးမြှင့်သော ၂၀၀၇ ခုနှစ် Student Peace Prize ဆု

၂၀၀၈ ခုနှစ်

- International Republican Institute's (IRI) Women's Democracy Network မှ ချီးမြှင့်သော Jeane J. Kirkpatrick ဆု
- မြန်မာနိုင်ငံမှ အမျိုးသမီးများကိုယ်စား Vital Voices Global Partnership Awares 2008 Human Rights Honoree ဆုလက်ခံခြင်း

အထက်ပါဆု များအတွက် မိမိတို့အား အမည်စာရင်းတင်သွင်းပေးခဲ့သော မိမိတို့၏ ကွန်ယက်မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်အားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်အပ်ပါသည်။

## စစ်အစိုးရ ၏ "အသိအမှတ် ပြုမှု"

- ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် စစ်အစိုးရက SWAN အား ရှုံ့ချထားသော သတင်းထုတ်ပြန်ချက်တစောင် ထုတ်ပြန်ခဲ့ပြီး မုဒိမ်းကျင့်မှုသည် စစ်အစိုးရ၏ မူဝါဒတခုအဖြစ်ဟူသော စွပ်စွဲချက်များ အခြေအမြစ်မရှိ ရယ်ဖွယ်အတိဖြစ်သည်ဟု ဖေါ်ပြခဲ့သည်။ [၃၂]

- ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် စစ်အစိုးရသည် မြန်မာနိုင်ငံအမျိုးသမီးများနေ့ကျင်းပရန်အတွက် ပြည်နယ်နှင့်တိုင်းများအနှံ့ မြန်မာနိုင်ငံတဝှမ်းလုံး လူထုအစည်းအဝေးပွဲများ ပြုလုပ်ခဲ့ရာ ထိုလူထုစည်းဝေးပွဲများတွင် စစ်အစိုးရထိန်းချုပ်ထားသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) ၏ အဖွဲ့ဝင်များအား SWAN အသင်းကို ရှုံ့ချရန် အမိန့်ပေးခဲ့သည်။[၃၃] ၂၀၀၅ ခုနှစ် အမျိုးသမီးအခွင့်အရေးဆုအတွက် SWAN အသင်းအား ရွေးချယ်ခဲ့သော အမေရိကန်အခြေစိုက် Peter Gruber ဖောင်ဒေးရှင်းကိုပင် ၎င်းတို့က ရှုံ့ချခဲ့သေးသည်။

- ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် စစ်အစိုးရသည် SWANအပါအဝင် ရှမ်းအတိုက်အခံများကိုတိုက်ခိုက်ထားသော မြန်မာဘာသာဖြင့် ရေးသားထားသည့် စာမျက်နှာ ၁၁၇ ပါ စာအုပ် ၃၀၀၀ ကို ပုံနှိပ်ဖြန့်ချီခဲ့သည်။ ယင်းစာအုပ်၏ အမည်မှာ"လိမ်လည်ခွင့်လိုင်စင်" ဟူ၍ ဖြစ်သည်။

- ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ကမ္ဘောဒီယားနိုင်ငံရှိ စစ်အစိုးရသံရုံးက SWAN အဖွဲ့ဝင် ချမ်းတောင်းနှင့်အတူ အခြားသော အတိုက်အခံအဖွဲ့များကို တိုက်ခိုက်သော ထုတ်ပြန်ချက်တစောင် ထုတ်ပြန်ခဲ့သည်။[၃၄]

- ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် CEDAW ကော်မတီသို့ပေးပို့သော စစ်အစိုးရ၏အစီရင်ခံစာတွင် SWAN ၏ အမည်ကို ဖေါ်ပြကာ မုဒိမ်းကျင့်ခွင့်လိုင်စင်အစီရင်ခံစာပါ အချက်များကို ငြင်းပယ်ထားသည်။[၃၅]

- ၂၀၀၈ ခုနှစ်တွင် မယ်ဆောက်မြို့သို့ လွှင့်ထုတ်ပေးသော စစ်အစိုးရ၏ အက်ဖ်အမ် ရေဒီယိုမှတဆင့် SWAN အဖွဲ့ဝင် ချမ်းတောင်းနှင့် သူမ၏ စည်းရုံးလှုံ့ဆော်ရေးခရီးစဉ်များကို ဆန့်ကျင်ကန့်ကွက်သည့် အသံလွှင့်မှုများကြားခဲ့ရသည်။

SWAN အသင်းအား တိုက်ခိုက်မှုများတွင် ၎င်းသိသာမြင်သာသောတိုက်ခိုက်မှုများအပြင် အီးမေး၊ တယ်လီဖုန်းများဖြင့် နှောက်ယှက်ခြင်း၊ တိုက်ခိုက်ခြင်းများ ကြိမ်ဖန်များစွာ ရှိနေရာစစ်အစိုးရ၏ လက်ချက်မကင်းဟု အများအားဖြင့် ယူဆရသည်။

မှတ်တမ်းတင်ရုပ်ရှင်ကား ပြပွဲ

ယာယီ သင်တန်းကျောင်းနေရာ၊ ခွန်မောင်း လီမွှော်ခြံ နှင့်
ဝတ်လွှိုင်ထတ် ဘုန်းကြီးကျောင်း





ထိုင်း–ရှမ်းနယ်စပ်မှ အသင်း၏ စက်ချုပ်လုပ်ငန်း



ထိုင်း–ရှမ်းနယ်စပ်မှ မျိုးပွားခြင်းဆိုင်ရာသင်တန်း






လူမှုအသိုင်းအဝိုင်းတွင်းစည်းရုံးလုပ်ဆောင်မှုများ



အသင်းမှ ၂၀၀၅ခုနှစ် ဘန်ကောက်တွင်ကျင်းပသော
နိုင်ငံတကာအေအိုင်ဒီအက်အစည်းအဝေးပွဲ တွင်ပါဝင်လှုပ်ရှားခြင်း




စက်တင်ဘာ ၂၀၀၇ တွင်ဖြစ်ပွားသော သံဃာလှုပ်ရှားမှုတွင်
အသင်းမှ  နအဖအားဆန့်ကျင်ဆန္ဒပြမှုတွင်ပါဝင်လှုပ်ရှားခြင်း






စက်တင်ဘာ ၂၀၀၇တွင် နယူးယောက်မြို့မှ Peter Gruber ဆုကိုလက်ခံရရှိခြင်း

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် မြန်မာ နိုင်ငံ၏ အမျိုးသမီးလှုပ်ရှားမှု အပေါ် ထားရှိသော SWAN ၏ သံဓိဋ္ဌာန်

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ တည်ထောင်ခဲ့သူ အဖွဲ့အစည်းတခုဖြစ်သည်နှင့်အညီ မိမိတို့သည် အဖွဲ့ချုပ်ကြီး၏ မျှော်မှန်းချက်ဖြစ်သည့် တရားမျှတမှုနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတခုဆီသို့ ဦးတည်သော အမျိုးသမီး၏ အဆင့်အတန်းမြင့်မားလာရေးပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိစေရေးအတွက် မိမိတို့၏ လူသားအရင်းအမြစ်များကို အဖွဲ့ချုပ်စတင် တည်ထောင်သည့်အချိန်မှစ၍ အားဖြည့်ကူညီပေးနေဆဲ ဖြစ်သည်။

SWAN အသင်းကိုယ်တိုင် လုပ်နိုင်ရည်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ အဖွဲ့ချုပ်ကြီး၏လုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်ပေးရန် မိမိတို့၏ လေ့ကျင့်ပြီး၊ အတွေ့အကြုံရှိပြီး ၃၆ ဝန်ထမ်းများဖြင့် ပိုမို၍ အားဖြည့်ပေးနိုင်လာသည်။

### အဖွဲ့ချုပ်၏ လုပ်ငန်း များတွင် အရေးကြီးသော အစိတ်အပိုင်းများ အဖြစ် SWAN အသင်းဝင်များ၏ ပါဝင်အားဖြည့်ပေးခဲ့ခြင်း အချို့–

| | |
|---|---|
| ၂၀၀၁ | WCAR အတွက်လက်မှတ်စုဆောင်းခြင်းလှုပ်ရှားမှု နှင့် WCAR စည်းရုံးလှုံ့ဆော်ရေးခရီးစဉ် |
| ၂၀၀၄ ဖေဖော်ဝါရီ –၂၀၀၅ မတ်လ | ဘေဂျင်း ဆယ်နှစ်မြောက် လုပ်ငန်းစဉ် နှင့် ၄၉ CSW စည်းရုံးလှုံ့ဆော်ရေးခရီးစဉ် |
| ၂၀၀၄ စက်တင်ဘာ | "ကျူးလွန်ခွင့်ပေးထားသောစနစ်" အစီရင်ခံစာထုတ်ဝေမှု |
| ၂၀၀၅ အောက်တိုဘာ | ၁၀ ကြိမ်မြောက် AWID ကွန်ဖရင့် စည်းရုံးလှုံ့ဆော်ရေးခရီးစဉ် |
| ၂၀၀၇ နိုဝင်ဘာ | "အံ့တုရဲသော သတ္တိ"အစီရင်ခံစာ ထုတ်ဝေမှု |
| ၂၀၀၇ စက်တင်ဘာ – ၂၀၀၉ ဇန်နဝါရီ | "စစ်အာဏာရှင် ကြီးစိုးမှု မှောင်ရိပ်"အမည်ရ စင်ပြိုင်အစီရင်ခံစာ ထုတ်ဝေခြင်းအပါအဝင် ၂၀၀၈ ခုနှစ် CEDAW လုပ်ငန်းစဉ် နှင့် သက်ဆိုင်ရာ စာစောင်စာတမ်းများ ထုတ်ဝေခြင်း |
| ၂၀၀၃ မှ ယနေ့အထိ | အဖွဲ့ချုပ်၏ ဝက်ပ်ဆိုက် တည်ဆောက်ပေးခြင်း နှင့် ယခုတိုင် ထိန်းကျောင်း အားဖြည့်ပေးခြင်း |
| ၂၀၀၃ မှ ယနေ့အထိ | အဖွဲ့ချုပ် ၏ စာစောင်အများစုအတွက် စာအုပ်ပြင်ဆင်ပေးခြင်း/ Design |
| ၂၀၀၅ မှ ယနေ့အထိ | WAV လုပ်ငန်း စတင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း |
| ၁၉၉၉ မှ ယနေ့အထိ | အဖွဲ့ချုပ်အား ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေးလုပ်ငန်းကွန်ယက်များဖြင့် ဆက်စပ်ပေးခြင်း |




ဇန်နဝါရီလ ၂၀၀၆အတွင်း နအဖ၏စာအုပ်မှ အသင်းကို
တိုက်ခိုက်သောစာအုပ်ထုတ်ဝေခြင်း



EMBASSY OF THE UNION OF MYANMAR
PHNOM PENH

No. 148 / 21 - 15

The Embassy of the Union of Myanmar presents its compliments to the Chairman of the Committee on Foreign Affairs, International Cooperation and Information of the National Assembly with reference to the latter's invitation to Ambassador of the Union of Myanmar to the Kingdom of Cambodia to participate at the launching ceremony of the Cambodian Parliamentary Caucus on Myanmar and a dinner reception of AIPMC on Myanmar to be held on 25 August 2006, and has the honour to share the Embassy's view on the occasion. .....................

The Embassy of the Union of Myanmar is absolutely bel[ieved] that as a democratic state, Cambodia adheres to the policy of opposing the terrorists and their illegal activities. It has also found out that, the so-called MP-elect, expatriate *Dr. Sann Aung* from NCGUB and Shan dissident ***Ms. Nan Chan Tong*** form SWAN will [be] participating at the launching ceremony and the dinner recepti[on of] AIPMC. Due to the facts that both of them are related to anti-...
..................

Phnom Penh, 24 August 2006

EMBASSY OF THE UNION OF MYANMAR ★ PHNOM PENH ★

*Chairman*
*Committee on Foreign Affairs,*
*International Cooperation and Information*
*National Assembly of the Kingdom of Cambodia,*
Phnom Penh

Copy to

- ***President***
  ***National Assembly***
  Phnom Penh
- ***Ministry of Foreign Affairs and International Cooperation***
  Phnom Penh
- ***Ministry of Interior***
  Phnom Penh

ဩဂုတ်လ ၂၀၀၆ ခုနှစ်အတွင်း နအဖမှအသင်းအားတိုက်ခိုက်ခဲ့သောစာ

## နောက်ဆက်တွဲ ဖော်ပြချက်များ

### နောက်ဆက်တွဲ ၁။

### မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ အဖွဲ့အစည်းများက ဝန်ကြီးချုပ်ချွန်လိပိုင်သို့ပေးပို့သော အိတ်ဖွင့်ပေးစာ

ရည်ညွှန်းချက်။ ။ ရွှေ့ပြောင်းအလုပ်လုပ်သူများအားအတင်းအဓမ္မ နေရပ်ပြန်ပို့ခြင်းများနှင့် အနိုင်ကျင့်ခြင်းများ

မစ္စတာချွန်လိပိုင်

ထိုင်းနိုင်ငံဝန်ကြီးချုပ်

ဖက်စ်၊ ၆၆ ၂ ၆၂၉ ၉၂၁၁

၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့

မြန်မာနိုင်ငံမှအမျိုးသမီးများအဖွဲ့အစည်းများက ရွှေ့ပြောင်းအလုပ်လုပ်သူများအား နေရပ်ပြန်ပို့ ခြင်းပေါ်လစီနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတော်အစိုးရ၏ နားလည်ထောက်ခံမှုရှိရန် မေတ္တာရပ်ခံပါသည်။ မြန်မာစစ်အစိုးရက ၎င်း၏တပ်များကို နယ်စပ်များတွင်စီတန်း၍ မြန်မာနိုင်ငံသားများအား ပြည်ဝင်ခွင့်ပြုရန် ငြင်းဆန်နေသောကြောင့် အတင်းအဓမ္မနေရပ်ပြန်ပို့ခြင်းများက လူအများကို အလွန်တရာကြီးမားသော အန္တရာယ်တွင်းသို့ ကျရောက်နေစေပါသည်။ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များသည် မြန်မာစစ်တပ်များ၏ လူမဆန်သောပြုမူခြင်းများအန္တရာယ်များကို ကြုံတွေ့လွယ်နေပါသည်။ မြန်မာစစ်သားများက အမျိုးသမီးငယ်(၁၅)ယောက်အား မတရားခေါ် ဆောင်သွား၍ မုဒိန်းကျင့်ကြခြင်းမှာ လက်မခံနိုင်အောင် ရက်စက်ကြမ်းကြုတ်သည့် စော်ကားမှုဖြစ် ပါသည်။

ထိုင်းနိုင်ငံသည် မုဒိန်းမှုကျူးလွန်ခြင်းကို အထူးသဖြင့် မိမိတို့၏နိုင်ငံသားများ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့်အာဏာပိုင်၊ အမှုထမ်း၊ အရာထမ်းများက ကျူးလွန်ခြင်းကို အလွန်ဆိုးဝါးသည့်ပြစ်မှုကျူးလွန်ခြင်းဟု ယူဆသည်ကို ကျွန်ုပ်တို့သိကြပါသည်။ သို့ပါ၍ မုဒိန်းမှုကျူးလွန်သူများအား တရားဥပဒေအရ အရေးယူပေးပါရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။

ထိုင်းနိုင်ငံသို့ တရားမဝင်ရွှေ့ပြောင်းနေသူ အမျိုးသမီးများ၏ အန္တရာယ်များနှင့်နီးကပ်စွာနေရသည့် အနေအထားကို ဂရုဏာထားစဉ်းစား၍ ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေး အမှုထမ်းများအပါအဝင် ထိုင်းနိုင်ငံတော်အစိုးရ၊ ထိုင်းအာဏာပိုင်အမှုထမ်းများအားလုံး အနေအထားကို သိရှိနားလည်စေ အောင်လုပ်၍ ထိုင်းမြေပေါ်၌ မြန်မာအမျိုးသမီးများနှင့်ကလေးများ မည်သည့် အနိုင်ကျင့်စော်ကား ခြင်းမျိုးမှ မခံစားရလေအောင် တက်ကြွစွာကာကွယ်ရန် အထူးတိုက်တွန်းပါသည်။

ဤအတင်းအဓမ္မနေရပ်ပြန်ပို့ခြင်းပေါ်လစီ ဆက်လက်ဆောင်ရွက်နေပါက ပိုမိုများပြားသော အမျိုးသမီးနှင့်ကလေးများ အသက်ဆုံးရှုံးခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် အနိုင်ကျင့်စော်ကားခြင်းများ ဖြစ်ပွားမည်ကို လွန်စွာကြောက်ရွံ့ပါသည်။ လူလူချင်းစာနာထောက်ထားခြင်းများအားဖြင့် ထိုင်းနိုင်ငံတော်အစိုးရက ရွှေ့ပြောင်းအလုပ်လုပ်သူများအား မြန်မာသို့ပြန်ပို့နေခြင်းကို ယာယီရပ်ဆိုင်းထားပါရန် တောင်းဆိုပါသည်။ အကယ်၍ ရွှေ့ပြောင်းအလုပ်လုပ်သူများ ထိုင်းနိုင်ငံတွင်တရားဝင်အလုပ် မလုပ်နိုင်သည့်အပြင်

မြန်မာနိုင်ငံတွင်း၌လည်း သူတို့၏လုံခြုံရေးကို အာမခံနိုင်ခြင်းမရှိပါက သူတို့အား နယ်စပ်တလျှောက် စိတ်ချလုံခြုံသော အင်ဂျီအိုများသို့ လက်လှမ်းမီသည့် လူမှုအဖွဲ့အစည်းများအတွင်း အခြေခံအားဖြင့် နေထိုင်လုပ်ကိုင်စားသောက်ခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံ ပါသည်။

ထိုင်းနိုင်ငံတော်အစိုးရက ယခုလက်ရှိ အတင်းနေရပ်ပြန်ပို့ရေးပေါ်လစီကို ပြန်လည်သုံးသပ်၍ မြန်မာရွှေ့ပြောင်းသူများအား လုံခြုံဘေးကင်းသည့် ခိုလှုံခွင့်ပေးသနားမည်ဟု အထူးမျှော်လင့်ပါသည်။ ထို့နည်းတူ မြန်မာစစ်အစိုးရ၏ ပြုမူပုံများအား ဒေသအဆင့်၊ နိုင်ငံတကာ အဆင့်များသို့ အရေးဆိုဆွေးနွေးမည်ဟု မျှော်လင့်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက မိမိ၏နိုင်ငံသားများအရေးကိစ္စကိုပင် ယင်း၏အိမ်နီးချင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုနေခြင်းမှာ ဒေသတွင်း တည်ငြိမ်မှုအတွက် မေးခွန်းထုတ်ဖွယ်ရာ ဖြစ်နေပါသည်။

<u>မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ အဖွဲ့အစည်းများ</u>

အခါအမျိုးသမီးများအဖွဲ့

မြန်မာအမျိုးသမီးများသမဂ္ဂ

ကချင်အမျိုးသမီးများအသင်း

ကရင်ဒုက္ခသည်စခန်းအမျိုးသမီးများအဖွဲ့

ကရင်နီအမျိုးသမီးအစည်းအရုံး

လားဟူအမျိုးသမီးအစည်းအရုံး

တပြည်သူများ၏ ဆက်သွယ်ဖလှယ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

အမျိုးသမီးများနှင့်ကလေးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့

ပလောင်(တအန်း)အမျိုးသမီးများအဖွဲ့

ရှမ်းအမျိုးသမီးများရေးရာ ဆက်သွယ် လှုပ်ရှားဆောင်ရွက်ရေးအသင်း

ထားဝယ်အမျိုးသမီးသမဂ္ဂ

ဆက်သွယ်စုံစမ်းရန် ဖက်စ်၊ ၆၆ ၅၃ ၈၀၈ ၂၇၈

နောက်ဆက်တွဲ ၂။

နေ့ရှင်းသတင်းစာ၊ အယ်ဒီတာ့ထံပေးစာကဏ္ဍတွင်ပါရှိသော မြန်မာသံရုံးထံမှ စာ

အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ ၊ ရိုက်နှက်တိုက်ခိုက်မှုသတင်းများ၊ မုဒိမ်းမှုများမဟုတ်မမှန်ကြောင်း

ရက်စွဲ ၁၉၉၉ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်နေ့ ပြည်ထောင်စုမြန်မာနိုင်ငံက ထိုင်းနိုင်ငံတော်၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။ ထိုင်းနိုင်ငံတော်၊ နိုင်ငံခြားရေးရာ ဝန်ကြီးဌာနအား နိုဝင်ဘာလ(၄)ရက်နှင့် (၈)ရက်နေ့ထုတ် ဘန်ကောက်ပို့စ် သတင်းစာနှင့် နိုဝင်ဘာလ(၄) ရက်နှင့် (၉)ရက်နေ့ထုတ် နေ့ရှင်းသတင်းစာများတွင်ပါရှိသော မယ်ဆောက်မြို့မှ မြန်မာနိုင်ငံသို့ ပြန်ပို့ခံ ရသော တရားမဝင်နေထိုင်သူများအနက်မှ အမျိုးသမီး(၁၅)ယောက်အား မြန်မာစစ်သားများက မုဒိမ်းကျင့်ခြင်း၊ မြန်မာစစ်သားများက ထိုင်းအာဏာပိုင်များပြန်ပို့လိုက်သည့် မြန်မာအလုပ်သမားများအား သေနတ်ဖြင့်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ခြင်းများ ပြုလုပ်ခဲ့သည်ဆိုသော သတင်းများနှင့်ပတ်သက်၍ အသိပေးပြောကြားလိုပါသည်။

ထိုစွပ်စွဲသောသတင်းများမှာ မြန်မာအာဏာပိုင်များအား သွားပုပ်လေလွင့်သတင်းစကားအားဖြင့် နာမည်ပျက်စေရန်နှင့် တရားမဝင် မြန်မာများအား နေရပ်ပြန်ပို့ခြင်းနှင့်ပတ်သက်၍ လူအများ စိတ်ဓါတ်ခြောက်ခြားစေရန်ရည်ရွယ်၍ ထုတ်လွှင့်သော မဟုတ်မမှန်လုပ်ကြံ သတင်းများသာဖြစ်ကြောင်း အတိအလင်းပြောကြားလိုပါသည်။

သို့ပါ၍ ထိုင်းမြန်မာနှစ်နိုင်ငံကြား အထင်အမြင်လွဲမှားစေလိုသည့် မကောင်းသောဆန္ဒဖြင့် တမင်သက်သက်လုပ်သည့် ဤသို့လုပ်ကြံ သတင်းများဖြန့်နေခြင်းကို တားဆီးရန် မြန်မာသံရုံးအနေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ အကူအညီပေးပါရန် လေးစားစွာ တောင်းခံ ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးက ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ ဤကိစ္စနှင့်ပတ်သက်၍ အသေအချာ စဉ်းစားဆင်ခြင်ပေးပါရန် လေးစား စွာ တောင်းခံပါသည်။

(ဆိုင်းထိုးသူလက်မှတ်မပါ)

ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး
ဘန်ကောက်မြို့

နောက်ဆက်တွဲ ၃။

## ၂၀၀၈ ခုနှစ်အတွင်း **SWAN** အသင်းအား ထောက်ပံ့ပေးနေသော အဓိက အလှူရှင်များ၏ စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ | DBC | Danish Burma Committee | ဒိန်းမတ် | ၃၁.၉၀ % |
| ၂။ | DFID | Department For International Development | ဗြိတိန် | ၁၉.၃၇ % |
| ၃။ | NCA | Norwegian Church Aid | နော်ဝေး | ၁၁.၀၃ % |
| ၄။ | HWF | Help without Frontiers | ဂျာမနီ | ၆.၈၁ % |
| ၅။ | HART | Humanitarian Aid Relief Trust | ဗြိတိန် | ၆.၄၁ % |
| ၆။ | Austcare | Austcare | ဩစတေးလျ | ၅.၉၈ % |
| ၇။ | AJWS | American Jewish World Service | အမေရိကန်ပြည်ထောင်စု | ၄.၆၅ % |
| ၈။ | NED | National Endowment for Democracy | အမေရိကန်ပြည်ထောင်စု | ၄.၅၀ % |
| ၉။ | BLL | Burma Lifeline | အမေရိကန်ပြည်ထောင်စု | ၃.၇၉ % |
| ၁၀။ | IWDA | International Women's Development Agency | ဩစတေးလျ | ၂.၁၃ % |
| ၁၁။ | BRC | Burma Relief Center | ထိုင်းအခြေစိုက် | ၁.၅၃ % |
| ၁၂။ | PRIVATE | Private donations | ------ | ၁.၂၇% |
| ၁၃။ | FPB | Foundation for the People of Burma | အမေရိကန်ပြည်ထောင်စု | ၀.၇၇ % |
| ၁၄။ | COE | Children on the Edge | ဗြိတိန် | ၀.၆၅ % |
| | | | | **၁၀၀ %** |



[၁] ၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် ထုတ် The Nation သတင်းစာ၊ *မြန်မာအမျိုးသမီးများက ဝန်ကြီးချုပ်သို့ပြောကြားလိုက်ခြင်း၊*

[၂] ၁၉၉၉ ခုနှစ် နေရပ်ရင်း ပြန်လည်ပို့ဆောင်ခြင်းနှင့် ပတ်သက်၍ အပြည့်အစုံ တင်ပြချက်များအား Asia Pacific Forum for Women/ Law and Development (APWLD) မှ "အငြင်းပယ်ခံ" (Dignity Denied) အစီရင်ခံစာအဖြစ် ထုတ်ဝေဖြန့်ချီထားသည်။

[၃] နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။

[၄] နောက်ဆက်တွဲ ၂ ကို ကြည့်ပါ။

[၅] ကမ္ဘာ့ အသားအရောင်နှင့် လူမျိုးခွဲခြားဆက်ဆံခြင်းဆိုင်ရာ ညီလာခံ

[၆] ဤစည်းရုံးလှုံ့ဆော်မှုအား ၂၀၀၁ ခုနှစ် ဇူလိုင်လတွင် စတင်၍ ဩဂုတ်လအကုန်အထိ ဆောင်ရွက်ခဲ့ရာ အနည်းဆုံး လက်မှတ်ပေါင်း ၅၁၄၈၇ ကို ကောက်ယူနိုင်ခဲ့သည်။ (သတင်းအရင်းအမြစ်၊ ၂၀၀၁ ခုနှစ် စက်တင်ဘာလထုတ် ချိုးလင်းပြာ မဂ္ဂဇင်း အမှတ် ၁၇၊ စာမျက်နှာ ၃၀ မှ ၃၃ အထိ၊ လှုံ့ဆော်မှုလှုပ်ရှားမှုနှင့် ခရီးစဉ်အကြောင်းကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ www.womenofburma.org ၏ Advocacy စာမျက်နှာတွင် ဖတ်ရှုနိုင်သည်။

[၇] မုဒိမ်းကျင့်မှုများအနက် ၈၃ ရာခိုင်နှုန်းသည် အရာရှိများက ကျူးလွန်သော မုဒိမ်းမှုများ ဖြစ်သည်။ ၆၃ ရာခိုင်နှုန်းသည် အုပ်စုလိုက်မုဒိမ်းကျင့်မှုများဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် အမျိုးသမီးများသည် စစ်သားများ၏ အချိန်ကာလ ၄ အထိအကြာ ထပ်ခါတလည်းလည်း မုဒိမ်းကျင့်ခံခဲ့ရသည်။ မုဒိမ်းကျင့်မှု ၁၇၃ ခု အနက် မုဒိမ်းမှုတခုတည်းတွင်သာ ကျူးလွန်သူကို အပြစ်ပေးခဲ့သည်။

[၈] Asian Forum for Human Rights and Development (Forum Asia)/ Asia Pacific Forum on Women/ Law and Development (APWLD)/ Alternative Asean Network on Burma (Altsean Burma) ESifh Thai & Friends without Border အဖွဲ့များက ပူးပေါင်းပြုလုပ်သော အင်တာနက် တောင်းဆိုလွှာ http://www.petitiononline.com/Forumasi/petition.html

[၉] http://www.petitiononline.com/Forumasi/petition.html

[၁၀] http://www.apwld.org/united_call_for_shan_women.pdf & http://www.cwgl.rutgers.edu/16days02/SAENG

[၁၁] http://www.friends-of-shan.de> / German address< www.freunde-der-shan.de>

[၁၂] http://www.apwld.org

[၁၃] အမျိုးသမီးများအကြမ်းဖက်ခြင်းဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထူးအရာရှိ နှင့် ၂၀၀၂ ခုနှစ် တိုင်ပင်ဆွေးနွေးပွဲ၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ လုံလောက်သော အိုးအိမ်နေရာချထားခြင်းဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထူးအရာရှိ များနှင့် ၂၀၀၃ ခုနှစ် တိုင်ပင်ဆွေးနွေးပွဲများ

[၁၄] http://www.labor.net.au/news/2485.html

[၁၅] http://www.equalitynow.org

[၁၆] Mc. Gill တက္ကသိုလ် ကျား–မ ဆိုင်ရာ နှင့် လူသားလုံခြုံမှု ကွန်ဖရင့်သို့တင်ပြသော မုဒိမ်းကျင့်ခွင့်လိုင်စင် စာတမ်းမှ ကောက်နုတ်ချက် (၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် မှ ၇ ရက်အထိ၊)

[၁၇] တိုးမြင့်လာနေသော နိုင်ငံတကာဖိအားများကြောင့် ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် ရှမ်းပြည်နယ်အတွင်း လိင်အကြမ်းဖက်မှုကိစ္စရပ်ကို မဖြစ်မနေ "စုံစမ်းစစ်ဆေးမှု" လုပ်ခဲ့ရသည်။

[၁၈] ၂၀၀၂ ခုနှစ် ဇူလိုင် ၃၀ ရက်နေ့ထုတ် – မြန်မာ့အလင်းသတင်းစာ၊

[၁၉] အစီရင်ခံစာအား အကျဉ်းချုပ်ခြင်း။ ဒေသတွင် နှင့် နိုင်ငံတကာမှ တုန့်ပြန်ချက်များ နှင့် မိမိတို့၏ တောင်းဆိုမှုများ။

[၂၀] မြန်မာဘာသာ၊ ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာ နှင့် ရှမ်းဘာသာ

[၂၁] မိမိတို့အား ကနဦးကာလတွင် ကူညီပေးခဲ့သော မိုးကျော်နှင့် ဒေါက်တာ ဟယ်လင် မိုက်ကယ်စန် တို့အား အထူးကျေးဇူးတင်အပ်ပါသည်။

[၂၂] SWAN အသင်းဝင်တဦးသည် ၂၀၀၃ – ၂၀၀၄ ခုနှစ် သက်တမ်းအတွက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အထွေထွေအတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ပိုမိုသိရှိလိုပါက www.womenofburma.org ကို ကြည့်ပါ။

[၂၃] ထိုအချိန်က မိမိတို့အား ကူညီပေးခဲ့သော Forum Asia မှ Noi Pornpen, Somchai Homlor နှင့် Chalida တဂျာရိုန်ဆုက် နှင့် IID မှ မာစီတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်အပ်ပါသည်။

[၂၄] နယ်စပ်တလျှောက် နောက်ထပ် တရားဝင်စုံးစမ်းစစ်ဆေးခြင်းများထပ်လုပ်ပါက စစ်အစိုးရအပေါ်တွင် ဖိအားများပိုမိုပေးလာနိုင်သည်ဟု မျှော်လင့်ကာ SWAN သည် ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြုလုပ်သော သုတေသနစုံစမ်းလေ့လာမှု နှင့် ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးအရာရှိမှစေလွှတ်သော အဖွဲ့၏ လုပ်ငန်းကိုလည်း ကူညီပေးခဲ့သည်။ ဒုတိယ ဖြစ်ရပ်တွင် မည်သည့်နေရာတွင်မဆို SWAN သည် အမျိုးသားတွေ့ဆုံ မေးမြန်းသူအား မုဒိမ်းအကျင့်ခံခဲ့ရသူအမျိုးသမီးနှင့် တိုက်ရိုက် မေးမြန်းခွင့်မပြုပဲ မျက်မြင်သက်သေ ထွက်ဆိုချက်ကိုသာ အသုံးပြုခဲ့သည်။
[၂၅] စစ်အစိုးရက အာဏာဆုပ်ကိုင်ထားနေဆဲဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိပြည်သူများအဖို့ မည်သို့သော လုံခြုံရေးအာမခံချက်မှ မရှိသော အခြေအနေများအောက်တွင် မြန်မာနိုင်ငံအတွင်း စစ်တပ်၏ မုဒိမ်းကျင့်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာစုံစမ်းလေ့လာခြင်းများအပေါ် (နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးမှတဆင့်ပြုလုပ်ခြင်းလည်း အပါအဝင်) SWAN အသင်းက စိုးရိမ်ပူပန်နေဆဲဖြစ်သည်။
[၂၆] ထိုကာလတွင် ထိုင်းအထက်လွှတ်တော်အမတ် ကရိုင်ဆက် ချွမ်ဟဘင်သည် ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၏ ဥက္ကဌဖြစ်ခဲ့သည်။ သူသည် ထိုင်းအိုင်တီဗွီသတင်းဌာနမှ သတင်းထောက်များနှင့်အတူ ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် ဒုက္ခသည်များထံသို့ သွားရောက်လည်ပတ်ခဲ့သည်။ SWAN အသင်းနှင့်လည်း တွေ့ဆုံကာ မုဒိမ်းကျင့်ခွင့်လိုင်စင် အစီရင်ခံစာနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ သူသည် သတင်းစာရှင်းလင်းပွဲ တခုပြုလုပ် ကာ ထိုင်းအစိုးရအား ဒုက္ခသည်များကို ခိုလှုံခွင့်ပေးရန်အကြံပြုလိုက်ပြီး၊ ရှမ်းပြည်နယ်အတွင်း စနစ်တကျလိုင်အကြမ်းဖက်မှုများကို ကိုးကားပြောဆိုခဲ့ သည်။ မရှေးမနှောင်းကာလအတွင်းတွင် ထိုင်းအိုင်တီဗွီသတင်းဌာနက ရှမ်းတိုင်းရင်းသားဒုက္ခသည်များ၏အခြေအနေနှင့် မုဒိမ်းကျင့်ခွင့်လိုင်စင် အစီရင်ခံစာ မှတ်တမ်းတင်အစီအစဉ်ကို လွှင့်ထုတ်ခဲ့သည်။
[၂၇] မုဒိမ်းကျင့်ခွင့်လိုင်စင်အစီရင်ခံစာ ထုတ်ဝေမည့်ဆဲဆဲ ၂၀၀၂ ခုနှစ် မေလတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။
[၂၈] ၂၀၀၈ ခုနှစ်အတွင်း SWAN အသင်းအား ထောက်ပံ့ပေးနေသော အဓိကအလှူရှင်များ၏ စာရင်းအား နောက်ဆက်တွဲ ၃ တွင် တွေ့နိုင်ပါသည်။
[၂၉] ဤစီမံချက်သည် ဖွံ့ဖြိုးဆဲတိုင်းပြည်တခု၏ ရွေးချယ်ခံရသော လုပ်ငန်းစီမံချက်တခုအား ထောက်ပံ့ပေးရန်အတွက် *Danida* က နှစ်စဉ်ပြုလုပ်သော ရံပုံငွေရှာဖွေရေးလုပ်ငန်းတခုဖြစ်သည်။ SWAN ၏ ပညာရေးအစီအစဉ်သည် ၂၀၀၅ ခုနှစ်အတွက် ရွေးချယ်ခံခဲ့ရသည်။
[၃၀] လတ်တလောကာလတွင် SWAN အသင်းသည် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာလုပ်ငန်းကွန်ယက် (ANM) နှင့် မဲခေါင်ဒေသ ရွှေ့ပြောင်း အလုပ်လုပ်သူများ ကွန်ယက် (MMN) များ၏ အဖွဲ့ဝင် အဖွဲ့အစည်း တဖွဲ့ဖြစ်သည်။
[၃၁] *Aid for Burmese 'benefits regime'*, http://www.theaustralian.news.com.au/story/0,25197,22560632-2702,00.html
[၃၂] ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံသတင်းပြန်ကြားရေးကော်မတီမှ ထုတ်ပြန်သော သတင်းထုတ်ပြန်ချက် အမှတ် ဃ–၃၁၉၇ (၈/၅)
[၃၃] စစ်အစိုးရသည် အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ အတိုက်အခံအင်အားစုများနှင့်အတူ SWAN အသင်းအား ရှုံ့ချခဲ့သည်။ သတင်းအရင်းအမြစ်၊ ၂၀၀၅ ခုနှစ် ဇူလိုင် ၇ ရက်မှ ၁၃ ရက်နေ့အတွင်း ထုတ်ဝေဖြန့်ချီသော မြန်မာ့အလင်းသတင်းစာများ။
[၃၄] ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့ အခြေစိုက် စစ်အစိုးရ သံရုံးက ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်သော စာအမှတ် ၁၄၈ / ၂၁ – ၁၅။
[၃၅] ကမ္ဘာ့ကုလသမဂ္ဂ CEDAW/C/ MMR/3
[၃၆] မကြားသေမှီနှစ်များအတွင်း SWAN သည် အဆင့်အားလုံးရှိ မိမိတို့လုပ်ငန်းလည်ပတ်မှုများ တိုးတက်လာစေရန်အတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်လာခဲ့သည်။

## ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ် လှုပ်ရှားဆောင်ရွက်ရေးအသင်း

မိမိတို့၏အသင်းကို ထိုင်းနိုင်ငံနှင့်ရှမ်းပြည်တွင်း၌ အခြေပြုလှုပ်ရှားဆောင်ရွက်နေကြသော ရှမ်းအမျိုးသမီးများက ၁၉၉၉ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့ကြပါသည်။ အသင်း၏ အဓိကဦးတည်ချက်မှာ မြန်မာနိုင်ငံတွင်း နိုင်ငံရေးနှင့်လူမှုရေးပြောင်းလဲမှုများ ဖြစ်ပေါ်လာရေးလှုပ်ရှားမှုတွင် မိမိတို့ ရပ်ရွာလူမှုအသိုင်းအဝိုင်းကို အခြေပြုသည့် အရေးယူဆောင်ရွက်ချက်များ၊ သုတေသနလုပ်ငန်းများနှင့် စည်းရုံးလှုံ့ဆော်ရေးများကို လှုပ်ရှားဆောင်ရွက်ခြင်း အားဖြင့် ရှမ်းအမျိုးသမီးများ ကျား၊ မ တန်းတူညီမျှမှု နှင့် တရားမျှတမှုများကို ခံစားရရှိလာစေရေး ဖြစ်သည်။

မိမိတို့၏ အသင်းသည် မြန်မာနိုင်ငံမှ တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့ ပါဝင်ဖွဲ့စည်းထားသောအမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို စတင် တည်ထောင်ခဲ့သည့် အဖွဲ့များအနက် တဖွဲ့ဖြစ်သည်။

*Shan Women's Action Network*
P.O Box 120 Phrasing Post Office
Chiangmai 50200 Thailand

kenneri@shanwomen.org
www.shanwomen.org